ဝန်ဇင်း
Read on the move

# အဖြူရောင်နှလုံးသားများ

# ဆုံမှတ်



ဝတ္ထုတို စုစည်းမှု

## ထုတ်ဝေသူရဲ့ မှုဒိတာ စကား

“အဖြူရောင်နှလုံးသားများ ဆုံမှတ်” စာအုပ်လေးမှာ ပါဝင်ရေးသားပေးကြသော ညီအစ်ကို မောင်နှမများနှင့် ဒီစာပေလောကထဲကို မသိနားမလည်ဘဲ ဝင်ရောက်လာတဲ့ ဟေမာန်နဲ့ကို လက်တွဲခေါ်ယူခဲ့တဲ့ မောင်နှမများအားလုံးကို ဟေမာန် လေးစားလှိုက်လှဲစွာဖြင့် ကျေးဇူးတင်ပါ တယ် လို့ ပြောလိုက်ပါရစေရှင်။

စာပေဝါသနာပါပေမယ့်၊ စာတွေ ရေးသားခဲ့ပေမယ့် စာပေလောကနဲ့ အလှမ်းဝေးတဲ့ ဟေမာန့်ကို စာပေလောကထဲကို ဝင်ရောက်ဖို့ တိုက်တွန်းအားပေးခဲ့သော မောင်ငယ်ကိုကိုးအိမ်းနဲ့ ဟေမာန့်သမီးငယ် (ဆုဂျေ)... သူတို့တွေကြောင့် ဟေမာန် ဘာမှ မသိနားမလည်ဘဲနဲ့ ဒီစာပေလောကထဲကို ရောက်ရှိလာခဲ့ရတာ ပါ။

“အဖြူရောင်နှလုံးသားများ ဆုံမှတ်” မှာ ပါဝင်ကူညီရေးသားပေးခဲ့ကြတဲ့ ဟေမာန် လေးစားချစ်ခင်ရတဲ့ စာပေမောင်နှမများ... တစ်ဦး တစ်ယောက်ကိုမှ မမြင်ဘူး။ မသိဘူးကြပေမယ့် လေးစားမှု၊ ယုံကြည်မှုတွေနဲ့အတူ စာပေကို တန်ဖိုးထားချစ်ခင်ကြတဲ့ မောင်နှမတွေအားလုံးရဲ့ စိတ်ဓာတ်လေးတွေကို တွေ့မြင်ခဲ့ရလို့လည်း ဟေမာန် ကျေးဇူးတင် ဂမ်းမြောက်မိပါတယ် ရှင်။

“အဖြူရောင်နှလုံးသားများ ဆုံမှတ်” စာအုပ်လေးကို မျက်နှာဖုံးဒီဇိုင်း ရေးဆွဲပေးခဲ့သော Designer ကိုလင်းအောင်ပြည့် (Hharmony Hand)၊ စာအုပ်အတွက် လိုအပ်သည်များကို အလုပ်များ မအားလပ်တဲ့ကြားကနေ မနားမနေ ကူညီလုပ်ကိုင်ပေးခဲ့ကြသော ညီမလေး မေဇူး၊ သားငယ် နတ်ရဲ၊ ကိုလင်းအောင်ပြည့်

(Harmony Hand) နှင့် ကျန်ရှိနေသေးသော ညီအစ်ကို မောင်နှမများကို ဟေမာန် လှိုက်လှဲစွာဖြင့် ကျေးဇူးတင်ပါတယ်ရှင်။

“အဖြူရောင်နှလုံးသားများ ဆုံမှတ်” ဆိုတဲ့ ဒီစာအုပ်လေးကို ဟေမာန်တို့ မောင်နှမတွေ မိသားစုတွေ စုပေါင်းဖွင့်လှစ်ထားခဲ့တဲ့ “ချစ်စံအိမ်လေး” ဆိုတဲ့ နိုင်ဆိုဒ်လေးအတွက် အမှတ်တရဖြစ်အောင် ရည်ရွယ်ပြီး စံအိမ်လေးမှ မိသားစုဝင်တွေ တိုင်ပင်ကာ ဒီစာအုပ်လေးကို ထုတ်ခဲ့တာ ဖြစ်ပါတယ်။

ဒီစာအုပ်လေးထဲမှာ ပရင့်စာပေ မောင်နှမများနဲ့ အွန်လိုင်းပေါ်မှ ညီအစ်ကို မောင်နှမများရဲ့ ကူညီပံ့ပိုးမှုနဲ့အတူ ချစ်စံအိမ်လေးထဲမှ စာပေဝါသနာရှင် ညီအစ်ကို မောင်နှမများရဲ့ ကူညီပံ့ပိုးမှုတွေကို ရရှိခဲ့ရလို့ ထပ်တူ ဝမ်းသာပျော်ရွှင်မိပါတယ်ရှင်။

နောက်ဆုံးအနေနဲ့ ဟေမာန် ပြောချင်တာကတော့ စာပေများကို ချစ်ခင်မြတ်နိုးကြတဲ့ စာပေဝါသနာရှင် ညီအစ်ကို မောင်နှမများရှင့်... ဟေမာန်တို့ရဲ့ “အဖြူရောင်နှလုံးသားများ ဆုံမှတ်” မှာ ဝါသနာရှင် လူငယ် မောင်နှမလေးများရဲ့ ကြိုးစားမှုလေးတွေ ပါဝင်တာကြောင့် အမှားများ ပါဝင်ခဲ့ရင် နားလည်ခွင့်လွှတ် သည်းခံဖတ်ရှုပေးကြပါလို့ ဟေမာန် တောင်းပန်ပါရစေနော်။

ဟေမာန်ကိုယ်တိုင်လည်း “အဖြူရောင်နှလုံးသားများ ဆုံမှတ်” စာအုပ်လေးမှာ ဝတ္ထုတိုနှစ်ပုဒ် ပါဝင်ရေးသားဖြစ်ခဲ့ပါတယ်။ ဒီအမှတ်တရ စာအုပ်လေးမှာ မရည်ရွယ်ဘဲ ပါဝင်ခွင့်ရခဲ့လို့ “အဖြူရောင်နှလုံးသားများ ဆုံမှတ်” ထဲမှာ ပါဝင်ကြတဲ့ ညီအစ်ကို မောင်နှမများကို လှိုက်လှဲစွာဖြင့် ကျေးဇူးတင်ရှိပါတယ်ရှင်။ ဒီဝတ္ထုလေးနှစ်ပုဒ်ကို အကြိမ်ကြိမ်ဖိတ်ပြီး ကူညီပြုပြင် အကြံပေးခဲ့ကြတဲ့ သားငယ်နတ်ရဲ (ရူပဗေဒ)နဲ့ မောင်ငယ် နေထွန်းနိုင် (ပုသိမ်) တို့နှင့်တကွ ဟေမာန် ဘာတွေပဲလုပ်လုပ် ဟေမာန့်အနားကနေ အမြဲကူညီထောက်ခံပြီး အားပေးနေကြ၊ မျှော်ဝခံစားပေးကြတဲ့ ချစ်စံအိမ်လေးမှ ညီအစ်ကို မောင်နှမများကိုလည်း ဟေမာန် ဒီစာအုပ်လေးနဲ့ အတူ လှိုက်လှဲစွာ

ကျေးဇူးတင်ပါတယ်ရှင်။

စာပေကို ချစ်မြတ်နိုးလို့ စာပေလောကထဲကို မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့တဲ့ ဟေမာန့်အနေနဲ့ စာပေလောကမှာ အုတ်တစ်ချပ် မဖြစ်ခဲ့ရင်တောင်မှာ သဲတစ်ပွင့် ဖြစ်အောင်တော့ အတတ်နိုင်ဆုံး ကြိုးစားသွားပါမယ်ရှင်....

**စာဖတ်ပရိသတ်များကို လေးစားစွာဖြင့်**

**ဟေမာန်ကို**

***

မေဇူး

၁၉၉၄ ခုနှစ်၊ စက်တင်ဘာလထုတ်၊ အလှသစ်မဂ္ဂဇင်းပါ ဆုံဆည်းခွင့်စာမူဖြင့် စာပေလောကကို စတင်ဝင်ရောက်ခဲ့သည်။

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘတ်ဒေးဗာလင်တိုင်း နှင့် ချစ်ခြင်းဖွဲ့ ဝတ္ထုတိုများ စာအုပ်ကို ထုတ်ဝေခဲ့သည်။

၂၀၁၃ ခုနှစ် ဇွန်လတွင် ထုတ်ဝေခဲ့သော အွန်လိုင်းလင်းရောင်ခြည် ရသစာပေစုစည်းမှု စာအုပ်နှင့်

၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ထုတ်ဝေသော စကားဝါပန်းတို့ရဲ့ ဒိုင်ယာရီစာမျက်နှာများ

ရသဝတ္ထုတိုစုစည်းမှုစာအုပ်တို့တွင် ပါဝင်ရေးသားခဲ့ပြီး ဘဝ၊ ရသ၊ ဝတ္ထုတိုများကို ဆက်လက်ရေးသားနေဆဲ ဖြစ်သည်။

မေဇူး၏ စာများကို အွန်လိုင်းတွင် ဖတ်ရှုလိုပါက www.mamayzuu.blogspot.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး mayzuu@gmail.com မှတစ်ဆင့် ဆက်သွယ် မှာကြား ပြောဆိုနိုင်ပါ သည်။

****

# ထွက်ပေါက်မဲ့ လမ်းကျဉ်း

ရွေးချယ်ဆုံးဖြတ်ချက် အမှားအယွင်းတစ်ခုကြောင့် ဘဝသက်တမ်း

တစ်လျှောက်လုံး ရင်နာစရာ အဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု သူမ ဘယ်တုန်းကမှ တွေးမထင်ထားခဲ့မိပါ။ အခုချိန်မှာတော့ ထိုအမှားအယွင်းအတွက် ပေးဆပ်ရသောအပြစ်တို့က ခါးသီးလွန်းလှသည်။

အဖြစ်မှန်တစ်ခုကို တစ်သက်လုံး ဖွင့်ပြောခွင့်မရှိဘဲ မျိုသိပ်သိမ်းဆည်းထားရသောဘဝက ပင်ပန်းလွန်းလှပါသည်။ တစ်ကြိမ်တစ်ခါ မှားယွင်းမှုကို ပြန်လည်ပြင်ဆင်ခွင့် မပေးခဲ့သော ကံကြမ္မာကိုသာ မုန်းတီးပါ၏ ။ ရှေးဘဝက ဝဋ်ကြွေးများ ပါလာခဲ့လားလို့ အောက်မေ့ရလောက် အောင်ပင် ထိုခါးသီးမှုတို့က သူမကို ဘဝတစ်လျှောက်လုံး နှိပ်စက်ခဲ့သည်သာ။ ထွက်ပေါက် မရှိသော လမ်းကျဉ်းလေးထဲ၌ နှစ် ၂၀ နီးပါး သူ ရှင်သန်ခဲ့ရသည်။

တိတ်ဆိတ်နေသော အခန်းထဲမှာ သူမတစ်ယောက်တည်းသာ အတွေးများဖြင့် လွန့်လူးနေသည်။ ဝေ့ဝဲနေသော မီးခိုးငွေ့များကြားတွင် မေ့မရသော မျက်နှာတစ်ခုကို မြင်ယောင်မိပြန်သည်။ အလျှင်အမြန်ပင် ခေါင်းခါရမ်းလျက် ဖျောက်ဖျက်ပစ်လိုက်ပေမယ့် ကွယ်ပျောက်မသွားခဲ့။ ဖြစ်နိုင်လျှင် အခုအချိန်တွင် စွဲလမ်းမှုများကို မေ့ပစ်ချင်ပါသည်။

သက်မဲ့ပစ္စည်းတစ်ခုဖြစ်သော နာရီလက်တံ၏ ရွေ့လျားမှုနှင့် စက်သံတို့က သက်ရှိလူသား သူမကို ကြောက်ရွံ့မှုတို့အဖြစ် ဖန်တီးပေးနေသည်။ ဖြစ်နိုင်လျှင် လည်ပတ်နေသော နာရီလက်တံ နှင့် နေ့ညတို့အား လည်းကောင်း၊ နှုတ်ဆက်လက်ပြ ထွက်ခွာသွားသော အချိန်နာရီတို့အား လည်းကောင်း တားဆီးရပ်တန့်ထားချင်ပါသည်။ ဒါပေမယ့် ဒါတွေဟာ သူမ ပြုပြင်ပြောင်းလဲ ဖန်တီးလို့ ရနိုင်တဲ့အရာတွေမှ မဟုတ်တာပဲလေ။

တကယ်တမ်းမှာတော့ သူမရင်ခွင်မှ ခွဲခွာပြီး နိုင်ငံရပ်ခြားရှိ သူ့မိဘတွေဆီ ပြန်သွားတော့မယ့် သမီးငယ်အား သူမကို ခွဲမသွားဖို့ တားဆီးချင်လိုက်တာ။ ဒါပေမယ့် တားဆီးနိုင်စွမ်းလည်း သူမမှာ မရှိခဲ့ပါ။ ဒါဟာ သူမရဲ့ ညံ့ဖျင်းမှုလား၊ အမှန်တရားကို ရင်ဆိုင်ဖြေရှင်းနိုင်ခွင့် မရှိမှုတို့ရဲ့

ရလဒ်တွေလား သူမ မခွဲခြားနိုင်ခဲ့။

မကြာမီအချိန်အတွင်းမှာပင် သမီးငယ်ကို တင်ဆောင်ထားသော လေယာဉ်ကြီးသည် မြန်မာပြည်မှ ထွက်ခွာသွားတော့မည်။ သမီးငယ်၏ ချစ်ခြင်းသံယောဇဉ်ဖြင့် အသက်ဆက်နေခဲ့ သော သူမအား အပြီးတိုင် မညှာမတာ ရက်စက်ပေတော့မည်။ ထိုဒုက္ခများကြားမှာ ဘယ်လိုရှေ့ဆက် နေထိုင်ရမည်နည်း။

ကြက်တူရွေးတစ်ကောင်ကဲ့သို့ ချစ်ဖွယ်သောစကားကို သွက်လက်စွာ ပြောဆိုတတ်သော သမီးငယ် မရှိသည့် ဤအိမ်သည် သုသာန်တစပြင်ကဲ့သို့ ခြောက်သွေ့ အသက်ကင်းမဲ့တော့မည်။ ပိုင်ရှင်၏ စွန့်ပစ်ခြင်းကို ခံရတော့မည့် စန္ဒရားသည် ယခုထဲမှပင် ဂမ်းနည်းစွာ ငိုကြွေးနေခဲ့ပြီ။

ခန်းဆီးနောက်ကွယ်မှ ခပ်ဖွဖွလှမ်းလာတတ်သော ခြေသံသဲ့သဲ့ကို ကြားယောင်မိပြန်သည်။ မဖြစ်နိုင်မှန်း သိစွာနှင့်ပင် သူမ လည်ကြည့်မိပြန်သည်။ သူမမှလွဲ၍ ပတ်ဝန်းကျင်မှာ ဘယ်သူမှ ရှိမနေခဲ့။ အဖုံးပိတ်ထားသော စန္ဒရားဆီမှ သီချင်းသံသဲ့သဲ့ကို သူမ နှလုံးသားဖြင့် ကြားယောင်နေမိ ပြန်သည်။ ဒါဟာ သမီးငယ် အမြဲတမ်းတီးတတ်တဲ့ သီချင်းတီးလုံးသံ၊ ကြိမ်ဖန်များစွာ မရိုးအီနိုင်ဘဲ သူမ နားထောင်နေကျ သမီးရဲ့လက်သံ၊ သီချင်းဆုံးတိုင်း လက်ခုပ်တီးအားပေးနေကျ သူမ၊ အခု တစ်ကြိမ်မှာလည်း ယောင်ရမ်းပြီး လက်ခုပ်တီးမိမတတ်ပင် ဖြစ်ခဲ့ရသည်။

အိုး... စွဲလမ်းမှုဆိုတာ ဆိုးရွားလှချေလား။ အဆိုးဆုံးကတော့ "မေငယ်လေး" လို့ ခေါ်တတ်တဲ့ သမီးငယ်ရဲ့ ချွဲချွဲနွဲ့နွဲ့အသံ၊ အပြင်က ပြန်လာတိုင်း သူမ ခါးကိုဖက်ရင်း ပါးကို နမ်းရှုံ့ကာ ခေါ်နေကျအသံ၊ နောက်ပြီး သူမရဲ့ တစ်နေ့တာ ကြုံဆုံရသမျှ ပြန်ပြောပြတာကို တိတ်တဆိတ် နားထောင်ပေးပြီးမှ အဆိုးအကောင်း ဝေဖန်ပေးရတတ်တာတွေ၊ အားလုံးဟာ သတိရစရာတွေချည်းပါပဲ။ ထွက်သွားသူထက် ကျန်ရစ်သူမှာ ဝေဒနာတွေကို ပိုကျန်ခဲ့ရတာ ထုံးစံပဲလားကွယ်။

မင်းနဲ့အတူ ပျော်ရွှင်စွာ ဖြတ်ကျော်ခဲ့တဲ့ နေ့ရက်တွေဟာ

အခုအချိန်မှာတော့ ကျန်ခဲ့ပါပြီ ကလေးရယ်။ မကြာခင်မှာ မင်းဟာ မင်းမိဘတွေရဲ့ ရင်ငွေ့မှာ ခိုလှုံရင်း မရောက်ဖူးတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ဓလေ့စရိုက် အသစ်အဆန်းတွေကြားမှာ ထူးခြားတဲ့ အာရုံသစ်ကို ခံစားရင်း မင်း တစ်ချိန်က မှီခိုခဲ့ဖူးတဲ့ မေငယ်လေးဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ခွင်ကို မင်း မေ့သွားပါလိမ့်မယ်။

ငါ့ဘဝဟာ ထွက်ပေါက်မရှိတဲ့ လမ်းကျဉ်းလေးထဲကို ရောက်နေခဲ့တာ ကြာခဲ့ပါပြီ။ တစ်ကြိမ်တစ်ခါ မှားယွင်းပြီး ဝင်ခဲ့ဖူးတဲ့ လမ်းကျဉ်းလေးထဲက ခုချိန်ထိ ငါ ပြန်မထွက်နိုင်သေးပါဘူး ကလေးရယ်။ ငါ့အမှားအတွက် ငါ ပေးဆပ်နေရဆဲပါပဲ။

တကယ်တမ်းမှာတော့ မေငယ်လေးဆိုတဲ့ မိန်းမရဲ့ ရင်ထဲကို မင်း ထိုးဖောက်ပြီး မြင်နိုင် ခဲ့မယ်၊ ခံစားကြည့်နိုင်ခဲ့မယ်ဆိုရင် ဒဏ်ရာဒဏ်ချက်တွေနဲ့ အပိုင်းပိုင်း စုတ်နေတဲ့ ငါ့ရဲ့နှလုံးသား တစ်စုံကို မင်း မြင်နိုင်မယ် ကလေးရယ်။ ဒါပေမယ့် ဒီဘဝမှာ ဖွင့်ပြောခွင့်မရှိတဲ့ အကြောင်းအရာ တစ်ခုကို မျိုသိပ်ရင်း ငါဟာ မင်းကို နှလုံးသားနဲ့ရင်းပြီး စွန့်လွှတ်ခဲ့ရပြီ။ အဲဒီ လို ဒဏ်ရာတွေနဲ့ ပြည့်နှက်နေတဲ့ မိန်းမတစ်ယောက်ရဲ့ အတိတ်ကို မင်း မြင်နိုင်ခဲ့မယ် ဆိုရင်လေ...

***

ငယ်ရွယ်ချိန်မှာ နှလုံးသားဆန္ဒကို ဦးစားပေးပြီး သိပ်ကိုဆိုးသွမ်းတယ်လို့ ပတ်ဝန်းကျင်က သတ်မှတ်ထားတဲ့ ယောကျ်ားတစ်ယောက်ကို ရုပ်ရှည်ချောမောတာလေ တစ်ခုနဲ့တင် ချစ်သူအဖြစ် ရွေးချယ်ခဲ့မိတာက သူမရဲ့ ပထမအမှား၊ လူကြီးတွေက သဘောမတူဘူးလို့ အတန်တန်တားပြီး ခွဲနေတဲ့ကြားကတောင် သူ့ကို မစွန့်လွှတ်နိုင်ခဲ့တာက ဒုတိယအမှား၊ မိဘတွေရဲ့ဆန္ဒကို ဆန့်ကျင်ပြီး သူခေါ်ရာနောက်ကို

လိုက်သွားမိတာက တတိယအမှား၊ အဲဒီ အမှားတွေရဲ့နောက်မှာ သိပ်ကိုဆိုးရွားပြီး ပြင်မရတဲ့ အမှားတစ်ခု ထပ်ဖြစ်လာခဲ့ရတာ အားလုံးသည် သူမ၏ ဆုံးဖြတ်ချက်များယွင်းမှုကြောင့်သာ ဖြစ်ပါသည်။

ချစ်သူနဲ့ လက်ထပ်ပြီးကာမှ သူ့ရဲ့ဆိုးရွားမှုကို ပိုပြီး မျက်ဝါးထင်ထင် ကြုံတွေ့ခဲ့ရတော့သည်။ မိဘအိမ်က ပါလာသော လက်ဝတ်လက်စားတွေကို သူ့အတွက် မူးယစ်ဆေးဝါးဝယ်ဖို့ လိုအပ် ချိန်မှာ ချွတ်ယူရောင်းစားဖို့ ဝန်မလေးခဲ့ပါ။ ဆိုးသွမ်းတဲ့သူတစ်ဦးကို ကိုယ့်အချစ်နဲ့ လမ်းမှန်ရောက် အောင် ပြုပြင်ယူမယ်ဆိုပြီး ကြွေးကြော်ခဲ့ဖူးသော သူမရဲ့စကားက ခုချိန်မှာ ရှက်ရွံ့ခြင်းတို့ကိုသာ ဖြစ်ပေါ်စေသည်။

စိတ်ကြီးတဲ့မိဘတွေရဲ့ မြေလှန်ရှာဖွေမှုအောက်မှာ သူတို့နှစ်ယောက် ၂ ပတ်ထက် ပိုပြီး မပုန်းနိုင်ခဲ့ပေ။ ကိုယ့်အပြစ်နဲ့ကိုယ် ကြောက်ရွံ့နေတဲ့ သူမဟာ မိဘနှစ်ပါးကို ဘယ်လိုမှ ရင်ဆိုင်နိုင်စွမ်းမရှိခဲ့။ သူမတို့ ပုန်းနေတဲ့နေရာကို သိသွားပြီး ဖေဖေ၊ မေမေတို့ လိုက်လာတာကို အတွေ့မှာ သူငယ်ချင်းရဲ့ကားကို တက်မောင်းရင်း ထွက်ပြေးခဲ့ရပြန်သည်။

ဒေါသကြီးသော ဖေဖေရဲ့ကားကလည်း သူမတို့ကားနှင့် ထက်ကြပ်မခွာပင် လိုက်ပါခဲ့ သည်။ အဲဒီ နေ့က သူမတို့ကားက ရှေ့မှ အမြန်မောင်း၊ ဖေဖေတို့ကားက နောက်မှအတင်း လိုက်နေချိန်မှာ မူးယစ်ရီဝေနေတဲ့ ချစ်သူရဲ့ သတိလွတ်ကင်းမှုတစ်ချက် အောက်မှာပဲ မမျှော်လင့်သော ရင်နာစရာ အဖြစ်ဆိုးတို့ကို ကြုံတွေ့ခဲ့ရသည်။

သူမတို့ကားက ရှေ့မှာကားတစ်စီးကို အရှောင် မထိန်းနိုင်တဲ့အရှိန်နဲ့ လမ်းဘေး ဓာတ်တိုင်ကို ဝင်အတိုက် နောက်မှအရှိန်နှင့် မောင်းလာသော ဖေဖေ့ကားကလည်း ဘရိတ်မမိဘဲ သူမတို့ကားကို ထပ်တိုက်လိုက်သောအခါ...

မျက်စိတစ်မှိတ်အတွင်းမှာပဲ အသက် ၂ ချောင်းကို သူမတို့

စတေးလိုက်ရသည်။ အဲဒီ အဖြစ် အပျက်၏ နောက်ကွယ်တွင် သူမသည် တစ်ရက်တည်းမှာပင် ဖေဖေ့ကိုရော သူမရဲ့ခင်ပွန်းကိုပါ စွန့်လွှတ်လိုက်ရလေသည်။ သူမကိုယ်တိုင်ကတော့ အပေါ်ယံ ဒဏ်ရာလောက်နဲ့သာ မေ့မျောပြီး ဆေးရုံရောက်ခဲ့သည်။

မေမေကတော့ သူမ၏ မိုက်မဲမှုအတွက် ယခုလို အဖြစ်ဆိုးများ ကြုံတွေ့ရတာ မို့ သူမကို ဘယ်လိုမှ ခွင့်မလွှတ်နိုင်ခဲ့။ အားကိုးရာမဲ့ အိမ်ပေါ်ပြန်ရောက်လာသော သူမကို နှင်မချတာကလွဲ၍ အကျိုးအကြောင်း၊ အဆိုးအကောင်း ဘာမေ့ဂဖန်ခြင်း မပြုခဲ့သလို သူမအား စကားလည်း မပြောခဲ့ပါ။ ရှိသည်ဟုပင် အသိအမှတ်မပြုခဲ့။ သူမမှာသာ သူမရဲ့ မိုက်ပြစ်အတွက် ကြေကွဲမဆုံး ဖြစ်ခဲ့ရလေသည်။

သူမ အိမ်ပြန်ရောက်ပြီး ၂ လကျော်အကြာမှာ မျှော်လင့်မထားခဲ့သော နောက်ဆက်တွဲ ဖြစ်ရပ်တစ်ခုက သူမကို ထပ်မံလွှမ်းမိုးထားပြန်သည်။ သူမဆီမှာ ခင်ပွန်းသည်ရဲ့ရင်သွေး ကျန်ရစ်ခဲ့ ခြင်းပါပဲ။ မေမေကတော့ သူမ၏ ကိုယ်ဝန်ကို မမွေးဖွားဖို့ အတိအလင်းပင် တောင်းဆိုခဲ့သည်။ သူမကတော့ ခေါင်းမာစွာဖြင့် လက်မခံခဲ့ပါ။ လူကြီးတွေရဲ့အမုန်းများ၊ အာဃာတများ၊ မိုက်မဲမှု ပြဿနာများကြားတွင် ဘာမှနားလည်နိုင်စွမ်းမရှိသေးသော အပြစ်မဲ့သည့် ကလေးတစ်ယောက်၏ အသက်ကို မစတေးသင့်ဘူးဟု သူမ ထင်ပါသည်။ ထိုယူဆချက်ကြောင့်ပဲ ဒီကလေးကို မွေးဖို့ သူမ ဆုံးဖြတ်ခဲ့သည်။

မေမေကတော့ ဆွေကြီးမျိုးကြီး လူကုံထံ သူ့အသိုင်းအဝိုင်းကြားမှာ အဖေမရှိတဲ့ကလေး တစ်ယောက် မွေးဖွားဖို့ကို ဘယ်လိုမှ သဘောမတူခဲ့ပါ။ သူမ ခင်ပွန်းကိုလည်း အသိအမှတ်ပြုခဲ့ တာ မဟုတ်လို့ ဒီကလေးကိုလည်း မလိုချင်ခဲ့။ သူမနဲ့ မေမေရဲ့ကြားမှာ နောက်ဆုံးညှိနှိုင်းမှုတစ်ခု နှင့်အတူ သူမရဲ့ရင်သွေးငယ်ကို မွေးဖွားခွင့်ရခဲ့သည်။ ထိုညှိနှိုင်းမှုက မိဘစကားကို နားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ဖန်တီးခဲ့သော သမီးမိုက်တစ်ယောက်၏ ပြန်လည်ပေးဆပ်မှုပင်

ဖြစ်သည်။ ထိုအချိန်မှစ၍ ထွက်ပေါက်မရှိသော လမ်းကျဉ်းထဲကို သူမ ရောက်ရှိခဲ့တာ ဖြစ်သည်။

ဒီတစ်သက်မှာ သူမရဲ့ နှုတ်မှ ဒီကလေးဟာ သူမရဲ့ရင်သွေးဖြစ်ကြောင်းကို ဘယ်တော့မှ ဖွင့်မပြောရဆိုသော လိုက်နာရန် ခက်ခဲလွန်းလှသော ကတိကို ကလေးအား မွေးဖွားခွင့်ရခြင်း တစ်ခုတည်းနဲ့ပင် သူမ လဲလှယ်ခဲ့ရသည်။ ကျေနပ်စွာ လဲလှယ်ခဲ့ရတာ မဟုတ်သော ထိုကတိကို မပေးချင်ပေမယ့် မပေးမဖြစ် ပေးလိုက်ရတာ ကိုက သူမ ရင်ကို နာကျင်စေခြင်း၏ အစပင် ဖြစ်သည်။

နိုင်ငံခြားတွင် အခြေချနေထိုင်နေသော မမကြီးထဲတွင် ကလေးကို သွားရောက်မွေးဖွားရန် နှင့် ကလေးမွေးပြီးသည်နှင့် မမကြီးတို့လင်မယားအား မွေးစားရန် အပြီးအပိုင် ပေးခဲ့ရမည်ဟု မေမေက စီစဉ်တော့ ရင်နာစွာဖြင့်ပင် သူမ လက်ခံခဲ့ရပြန်သည်။

ဒီလိုနဲ့ပဲ သူမသည် နိုင်ငံခြားတွင် သမီးလေးကို လူမသိ သူမသိ မွေးဖွားခဲ့ရပြီး လူမသိ သူမသိပင် စွန့်ပစ်ခဲ့ရသည်။ ကလေးကို မွေးဖွားပြီးသော နောက်ပိုင်းမှာလည်း သံယောဇဉ်မကုန်စွာ နှင့် မြန်မာပြည်ကို ပြန်မလာနိုင်ခဲ့။ အလုပ်အရမ်းများသော မမကြီးတို့လင်မယားနှင့် ကလေးက ဘယ်လိုမှ အဆင်မပြေနိုင်တာကြောင့် ကလေးနှင့်အတူ ဆက်နေခွင့်ကို သူမ သိပ်မကြိုးစားလိုက်ရ ဘဲ ရလိုက်သည်။ သူမ၏ ပြုစုမှုအောက်မှာ သမီးလေး လူလားမြောက်ခဲ့တာ ၄ နှစ်ပင် ရှိခဲ့ပြီ။

ဒီနှစ်ထဲမှာတော့ မေမေ့ကျန်းမာရေး သိပ်မကောင်းတာကြောင့် မြန်မာပြည်ပြန်ပြီး မေမေနှင့်အတူ ပြန်နေဖို့ ဖြစ်လာခဲ့သည်။ မမကြီးကလည်း သမီးအား မြန်မာပြည်မှာပင် ကျောင်း ထားချင်ခဲ့သည်။ ဒါကြောင့်ပဲ သမီးလည်း မမကြီးရဲ့သမီး၊ သူမရဲ့တူမအနေဖြင့် မြန်မာပြည်ကို ပြန်လည် ရောက်ရှိလာတော့သည်။ သူမနှင့်အတူ ပြန်ပါလာသော သမီးကို မေမေရဲ့

ကြိုဆိုမှုတို့က မနွေးထွေးခဲ့ပါ။ သမီးအတွက် အခွင့်အရေး မျက်နှာသာပေးလေ့ မရှိခဲ့။ သမီးရဲ့စိတ်ထဲမှာတော့ မေမေ့ကို စည်းကမ်းကြီးပြီး တင်းကျပ်လွန်းသည့် အဘွားတစ်ယောက်အဖြစ် မြင်မိပါလိမ့်မည်။

မေမေ့အမြင်မှာတော့ ဖေဖေဆုံးရတာ ဟာ သူမနှင့် သမီးရဲ့ဖေဖေကြောင့် ဆိုတဲ့အစွဲကို နှစ်တွေဘယ်လိုကြာကြာ မေ့ပျောက်၍ မရခဲ့ပါ။ မေမေ့အား ပြုစုရင်း သမီးအား လိမ္မာ ယဉ်ကျေးအောင် ပြုစုပျိုးထောင်ရင်း သူမ အချိန်တို့ ကုန်လွန်ခဲ့သည်။ သမီးအား ကျောင်းအပ် ချိန်တွင် မိဘနေရာမှာ ခဲအိုနှင့်အစ်မရဲ့ နာမည်ကို ရင်နာစွာ ဖြည့်ခဲ့ရဖူးသည်။ အုပ်ထိန်းသူ အဒေါ်တစ်ယောက်နေရာမှာ အစားထိုးဝင်ရောက် အနားယူထားရတဲ့ အမေတစ်ယောက်ရဲ့ ရင်ထဲက ခံစားချက်ကို ဘယ်သူက နားလည်ပေးနိုင်ပါ့မလဲ။

မမကြီးနဲ့ ကိုချိုကြီးကို မိဘအဖြစ် ထင်မှတ်ထားတာကလွဲရင် သူမနှင့်သာ နေထိုင်ခွင့်ရခဲ့သော သမီးငယ်သည် မေငယ်လေးဆိုသော အမည်ခံပိုင်ခွင့်မရှိသော အမေတစ်ယောက်၏ ရင်ငွေ့ကို ခိုလှုံရင်း ကြီးပြင်းခဲ့လေသည်။ မမကြီးတို့က မြန်မာပြည်ကို တစ်နှစ်တစ်ခါ တစ်ပတ် ဆယ်ရက် ပြန်လာတတ်တာကလွဲ၍ ဟိုမှာသာ အနေများခဲ့သည်။

ဟိုမှာ ပြန်လိုက်နေဖို့ မမကြီးက ခေါ်ရင်တောင် သမီးသည် ပြန်လိုက်ရမှာ စိုးရွံ့စွာ သူမရင်ခွင်ထဲ ပုန်းအောင်းနေတတ်သည်။ သမီးအရင်းကို တူမတစ်ယောက်အနေနဲ့သာ စောင့်ရှောက်ခွင့်ရထားသော သူမက အဖြစ်အပျက်တို့ကို ဖွင့်ပြောပြချင်လို့ အဖြစ်မှန်ကို ပြောပြခွင့် ပြုဖို့ မေမေ့ထံ ခွင့်တောင်းတိုင်း...

"ငြိမ်နေတဲ့ရေကို လှိုင်းထအောင် ခဲမပစ်ချင်ပါနဲ့ ငယ်ငယ်၊ အရာအားလုံးဟာ ပုံမှန်အတိုင်း ဖြစ်နေချိန်မှာ ဘာအကြောင်းပြချက်နဲ့မှ အတိတ်ကို မေမေ အစက ပြန်မဖော်ချင်ဘူး။ ပြန်လည်း မဖော်နိုင်ဘူး။ ငယ်ငယ် အသက်ရှင်နေသရွေ့ ဒီကလေးဟာ ငယ်ငယ်ရဲ့ကလေးပါ ဆိုတာကို ဘယ်တော့မှာ

ဖွင့်ပြောဖို့ မေမေ ခွင့်မပြုဘူးနော်။ ပြောလည်း ပြောခွင့်မရှိဘူး။ ဒါဟာ ငယ်ငယ်ကို အပြစ်ပေးတာလို့ သတ်မှတ်မယ်ဆိုရင်တောင် ဒီအပြစ်ဟာ ငယ်ငယ် ဖန်တီးခဲ့တဲ့ လုပ်ရပ်နဲ့စာရင် သေးငယ်ပေ့ါပါးပါသေးတယ်။ မေမေဟာ ခုချိန်ထိ ငယ်ငယ့်ကို ခွင့်မလွှတ်နိုင်သေးဘူးဆိုတာ ဘယ်တော့မှ မမေ့ပါနဲ့”

ဟုသာ တုံ့ပြန်တတ်သည်။ သူမဘဝကို ဘယ်တော့မှ မေမေ ထွက်ပေါက်ပေးမည် မဟုတ် ဟု သူမ နားလည်လိုက်သည်။ မေမေ့စကားသံများအောက်တွင် မျက်ရည်တို့နှင့်အတူ နှလုံးသွေးပါ ယိုစီးကျမိပါ၏ ။ ဒီလိုနှင့် သမီးသည် မေမေ့အား ကြောက်ရွံ့စွာ၊ သူမအား ချစ်ခင်တွယ်တာစွာဖြင့် ကြီးပြင်းလာခဲ့သည်။ သမီးဟာ မမကြီးတို့ကိုတော့ သူများမိဘတွေလို သူ့ကို မချစ်ဘူးဟုသာ စိတ်မှာစွဲထင်လျက် မမကြီးတို့ဆီမှ မရသော မိဘမေတ္တာကို သူမ၏ ချစ်ခြင်းဖြင့်သာ လဲလှယ်၍ ကျေနပ်နေခဲ့သည်။

မေမေက အိမ်ထောင်ပြုဖို့ ကြိမ်ဖန်များစွာ တိုက်တွန်းခဲ့ပေမယ့် သူမ လက်မခံခဲ့ပါ။ ဒါဟာ သမီးရဲ့ဖေဖေကို မမေ့နိုင်တာထက် သမီးထက် ဘယ်သူ့ကိုမှ ချစ်၍ မရတော့တာက အဓိကကျမည် ထင်ပါမည်။ မေမေ ဆုံးခါနီး တွင်...

“မေမေ မရှိရင် လုပ်ငန်းအားလုံးကို ငယ်ငယ့်နာမည်နဲ့ လွှဲပေးခဲ့မှာ။ ဒီအတွက် ငယ်ငယ်ဟာ မိဘအမွေကို ဆက်လက်ထိန်းသိမ်းရင်း ဒီမှာပဲ နေရမယ်။ အိမ်ထောင်ပြုရမယ်။ နိုင်ငံခြားကို ပြန်မသွားရဘူး။ ပြီးတော့ ဒီကလေး ၁၀ တန်းအောင်ပြီးချိန်ကျရင် သူ့ကို မမကြီးတို့ဆီ အပြီး ပြန်ပို့ ရမယ်၊ သူလည်း မြန်မာပြည်မှာနေပြီး သူ့မိဘနဲ့ ခွဲနေရတာ ကြာပြီပဲ။ သူ့ကို ပြန်လွှတ်လိုက်တော့။ မိဘနဲ့သားသမီးဆိုတာ အတူတူနေတာပဲ ကောင်းတယ်”

မေမေသည် သူမအား သမီး၏ မိခင်ရင်းဖြစ်သည်ဆိုသော အချက်အား မေ့လျော့ထား ခဲ့တာလား၊ မေ့ချင်ဟန်ဆောင်နေတာလား သူမ မေဂလွှဲနိုင်ခဲ့။ ပြန်လည်ပြင်ဆင်ခွင့် မရနိုင်တော့ သော အမှားတို့အတွက် ရလာသော ရလဒ်တို့ကို လည်စင်းခံယူရင်းဖြင့်သာ ပေးဆပ်ခဲ့သည်။ သူမ ရောက်ရှိနေသော

လမ်းကျဉ်းလေးထဲမှ လွတ်မြောက်နိုင်ရန် လမ်းစကို ရှာမရခဲ့။

မေမေ ဆုံးပြီးနောက်ပိုင်းမှာတော့ သမီးသည် သူမအရိပ်တွင် ရဲဝံ့ပျော်ရွှင်စွာဖြင့် ကြီးထွား လာခဲ့လေသည်။ သာလိကာရှုံးအောင် စကားများတတ်အောင် သမီးသည် မေမေရှိစဉ်က မေမေ ရှေ့တွင် ခြေသံပင်ကြားအောင် လမ်းမလျှောက်ရဲခဲ့ပေ။ ဘာကြောင့်မှန်းမသိ သူမအား မချစ်သော၊ တစ်နည်းအားဖြင့် မုန်းသည်ဟုပင် ပြောနိုင်သော အဘွားဖြစ်သူ၏ မျက်ဝန်းကို ကြောက်ရွံ့ပြီး ရင်မဆိုင်ဝံ့ခဲ့ပေ။ မေမေ မရှိချိန်မှာတော့ သမီးကို သူမ လမ်းမှန်ပေါ်မှ ပြုစုပျိုးထောင်ခဲ့သည်။

အနုပညာ ဝါသနာပါသော သမီးအား စန္ဒရားဆရာ အိမ်ခေါ်၍ သင်ပေးခဲ့သည်။ သူမ အပျိုဘဝက တီးခဲ့သော စန္ဒရားသည် ယခုအချိန်တွင် သမီး၏ တေးသံဖြင့် ပြန်လည် အသက် ဝင်ခဲ့ပြီ။ ဉာဏ်ကောင်း၍ တတ်လွယ်သော သမီးသည် မကြာခင်မှာပင် အိမ်၏ ပင်တိုင် အဆိုတော် ဖြစ်လာခဲ့သည်။ ကျောင်းမှာပြန်လာတိုင်း လွယ်အိတ်ချပြီးသည်နှင့် သူမကို ပြေးဖက်နမ်းရှုံ့မြဲ။

ရေချိုးပြီး ထမင်းမစားခင် အချိန်အတွင်းမှာ သူမ၏ ခွင့်ပြုချက်ဖြင့် သီချင်းတစ်ပုဒ် သီဆိုခွင့်ကို နေ့တိုင်းရခဲ့သည်။ သမီး စန္ဒရားတီးတိုင်းလည်း သူမက အနီးကပ် အားပေးမြဲ။ သီချင်းဆုံးတိုင်း လက်ခုပ်တီး၍ ဂုဏ်ပြုမိမြဲပင် ဖြစ်သည်။ သူမနှင့် အဖော်အမျိုးသမီးကြီး အမေညိုတို့သာ ရှိသော ဤအိမ်သည် သမီးကျောင်းသွားချိန်တွင် ပျင်းရိချောက်ချားဖွယ် ကောင်းလှသည်။ သူများတွေ မိဘနဲ့အတူ နေရတာ ကို အားကျစွာ ငေးမောတတ်သော သမီးသည် သူ့မိဘများနှင့် တစ်နှစ်မှ တစ်ခါလောက်သာ တွေ့ရတတ်တာ အားမလို အားမရဖြစ်မြဲပင်။ တစ်ခါတစ်ရံကျတော့လည်း…

“ဖေဖေ၊ မေမေတို့က သမီးကို တကယ်ချစ်ရဲ့လား ဟင်၊ သမီးနဲ့လည်း အတူမနေကြဘူး၊ အမြဲတမ်းခွဲ နေရတယ်၊ မေငယ်လေးလောက်လည်း သမီးကို မချစ်ကြဘူး။ မေငယ်လေး ချစ်တာရဲ့ တစ်ဝက်လောက်ပဲ သူတို့ သမီးကို ချစ်ရင်

ကျေနပ်ပါပြီ”

ဟု တမ်းတစွာ ပြောတတ်သည်။ ထိုစကားသံများကြားတိုင်းမှာ မိခင်ရဲ့ရင်ခွင်အတွင်းမှာ နေ နေရမှန်းမသိဘဲ အေဂူးက အမေ့ရင်ခွင်ကို တမ်းတနေသော သမီးကို ကြည့်ပြီး သူမ ငိုရသည်။ သူမဘဝကို အစအဆုံး သိသော အမေညိုကို တိုင်တည်ရင်း သူမ ငိုမိတိုင်း အမေညိုက ပြောနေကျ လက်သုံးစကားအတိုင်း…

“ငယ်ငယ်တို့ သားအမိမှာ ရေးဘဝဝဋ်ကြွေးပါလာလို့ ဒီလိုဖြစ်ရတယ်လို့သ သဘောထား ပါကွယ်၊ ဘဝဆက်တိုင်း ဒီလိုဝဋ်ကြွေးမျိုး မကြုံပါရစေနဲ့လို့သာ ငါ့သမီး ဆုတောင်းပေါ့” ဟု ပြောတတ်သည်။

တစ်ခါတလေကျတော့လည်း မေမေ့ကို ပေးထားသော ကတိကို ချိုးဖျက်ဖို့ သူမ အကြိမ်ကြိမ် စဉ်းစားမိသည်။ ထိုအခါတိုင်းမှာလည်း မေမေသည် အိပ်မက်များထဲ၌ ပင် သူမဆန္ဒကို ကန့်ကွက်နေဆဲ။ ဒီလိုနဲ့ပဲ မထွေးနိုင် မအန်နိုင်အဖြစ်များကို မျိုသိပ်ရင်း အချိန်တို့က တဖြည်းဖြည်း ကုန်ဆုံးခဲ့ရာ သမီးငယ် ၁၀ တန်းကျောင်းသူဘဝသို့ ရောက်ရှိလာခဲ့ပြီ။

ရပ်တန့်၍ မရသော အချိန်နာရီတို့ကို သူမ မုန်းပါသည်။ ထိုအချိန်ကပင် သူမနှင့်သမီးကို အေဂူးဆုံးသို့ရောက်အောင် တွန်းပို့ဖန်တီးတော့မည်။ တဖြည်းဖြည်းနှင့် သူမတို့နှစ်ဦး ခွဲခွာဖို့ရက် နီးကပ်လာခဲ့ပြီ။ သားသမီး မရသော မမကြီးတို့ လင်မယားမှာလည်း စီးပွားရေးတောင့်တင်းနေပြီ ဖြစ်သောကြောင့် ခုချိန်မှာ သမီးကို အမှန်တကယ် လိုလားတောင့်တနေကြပြီ။

သမီး ၁၀ တန်းဖြေပြီးချိန်မှာ ပြန်ခေါ်ပြီး ဟိုမှာ ကျောင်းဆက်တက်စေဖို့ စတင်စီစဉ်ကြိုးပမ်း နေကြပြီ။ သူမကတော့ အမှန်တရားကို ရင်ဆိုင်ဖို့ အင်အားနည်းပါးနေဆဲပင် ဖြစ်သည်။ ခုချိန်မှာ သမီးမပါဘဲ ဘဝခရီးလမ်းကို ဘယ်လိုဆက်လျှောက်ရမလဲ ဆိုတာကို ဘယ်လိုမှ မစဉ်းစားဝံ့ခဲ့ပါ။

ဤအိမ်တွင် သမီးနဲ့ကင်းသောအရာ မရှိသလောက်ပင်။ ခြံထဲမှာ ပန်းပင်များသည် သမီး၏ ရေလောင်းပေါင်းသင် ပြုစုမှုအောက်တွင် ကြီးထွားခဲ့သည်။ မီးဖိုဆောင်မှ ထမင်းဟင်းများသည် သမီးလက်ရာဖြင့် ချိုမြိန်၏ ။ အိမ်ရှေ့မှ စန္ဒရားသည် သမီး၏ လက်သံကြောင့် အသက်ဝင်နေခဲ့ သည်။ ၎င်းတို့ထက် အရေးကြီးဆုံးမှာ သူမ၏ နှလုံးသားသည် သမီးကြောင့် ရှင်သန်နေခြင်း ဖြစ်သည်။ သမီးသာ မရှိခဲ့ပါလျှင် သူမ ရှေ့ကို ဘယ်လိုခရီးဆက်ရပါမည်နည်း။

သမီးကတော့ နှစ်ပေါင်းများစွာ ခွဲခွာနေရသော မိဘနှင့်အတူ ပြန်နေရမှာမို့ ပျော်ရွှင်နေသည်။ နိုင်ငံခြားတွင် ပညာဆက်သင်ရမည်။ မိဘနှင့် အတူနေရမည်ဆိုသော ခံစားမှုများနှင့် သမီး ပျော်ရွှင် နေချိန်တွင် သူမကတော့ မျက်ရည်များဖြင့် ပူလောင်နေခဲ့သည်။ သူမအတွက် အိပ်ပျက်ညတို့ ဆက်ခဲ့ပြီ။ အိပ်မပျော်လေတိုင်း စာကြည့်ခန်းထဲမှာ မီးမှောင်ချရင်း အတွေးများကို စီးကရက် မီးခိုး ငွေ့များကြားတွင် စွဲနစ်နေမိသည်။ အပျော်များကြားတွင် သမီးသည် သူမကို အလွယ်တကူ မေ့ပစ် နိုင်တော့မည် ဆိုသော အတွေးသည် ခုချိန်မှာ သူမကို အနှိပ်စက်ဆုံးသော အသိပင် ဖြစ်သည်။

သူမအဖြစ်အပျက်တို့ကို နားလည်သော အမေညိုကတော့...

"သမီးဒုက္ခက ကြီးလွန်းပါတယ် ငယ်ငယ်ရယ်။ ဖွင့်ပြောရင်လည်း ပြောလိုက်တော့ကွယ်။ သမီး အရမ်းခံစားနေရတာ ကို အမေညို မကြည့်ရက်ဘူး။ ကိုယ့်ကိုကိုယ်လည်း ပြန်ကြည့်ပါဦး သမီးရယ်။ တော်တော်လေး ချောင်ကျနေပြီကွယ်။ ဆေးလိပ်သောက်တာကိုလည်း လျှော့ပါဦး။ မနက် မနက် အမေညို အခန်းဝင်ရှင်းရင် စီးကရက်တိုတွေ အများကြီးပဲ တွေ့နေရတယ်"

"ဟုတ်ကဲ့ပါ အမေညို၊ ငယ်ငယ် လျှော့သောက်ပါမယ်။ ဖွင့်ပြေဖို့ ဆိုတာကတော့ ဖြစ်နိုင်တော့မယ် မထင်ပါဘူးလေ။ ငယ်ငယ့်မှာ ဖွင့်ပြောခွင့်မှ မရှိတာ"

အမေညို့ရင်ခွင်မှာ ခေါင်းတိုးဝင်ရင်း ၂ယောက်သား ငိုကြွေးမိသည်။ ညနေ သမီး ကျောင်းမှ ပြန်လာတော့ ၂ယောက်လုံး မျက်နှာမကောင်းစွာ တိတ်ဆိတ်နေတာကို မြင်တော့ အကင်းပါးသော သမီးက ရိပ်မိကာ ဘာဖြစ်လို့လဲဆိုပြီး အတင်းမေးတော့သည်။ သူမကတော့ ဘာမှ ပြန်မပြောနိုင်။ အမေညိုကသာ…

“သမီးရဲ့ မေငယ်လေးက သမီး သွားတော့မှာမို့ ဝမ်းနည်းနေတာ”

“မပြောပါနဲ့ အမေညိုရယ်”

“မေငယ်လေးကလည်း သမီးက ပြန်လာမှာပါ။ သမီးက မေမေတို့နဲ့မှ အတူမနေရသေးတာ။ မွေးတည်းက မေငယ်လေးနဲ့ပဲ နေနေရတာ ဆိုတော့ ဖေဖေ၊ မေမေနဲ့လည်း မေချင်သေးတာပေါ့ မေငယ်လေးရဲ့”

သမီးရဲ့စကားသံကို သူမ မကြားဝံ့စွာ ထထွက်လာခဲ့မိသည်။ မင်း တစ်သက်လုံး နေနေ ရတာ မင်းအမေရဲ့ရင်ခွင်ဆိုတာ မင်းမှမသိဘဲ ကလေးရယ်ဟုသာ ရင်နာစွာ ရေရွတ်မိသည်။ ဒီလိုနဲ့ပဲ သမီး ၁၀ တန်း ဖြေဆိုပြီးချိန်သို့ ရောက်ရှိလာခဲ့သည်။

မမကြီးကိုယ်တိုင် မြန်မာပြည်ပြန်လာကာ သမီး နိုင်ငံခြားထွက်ဖို့ကိစ္စကို လိုက်ပြီး ဆောင်ရွက်သည်။ သူမကတော့ ပထမဆုံးတစ်ရက်သာ လိုက်သွားပြီး နောက်ရက်များမှာ သမီးနှင့် မမကြီးကိုသာ လွှတ်မိသည်။ သမီး နိုင်ငံခြားထွက်ရဖို့ ကိစ္စများကို လိုက်လံဆောင်ရွက်ရသည်မှာ ကိုယ့်နှလုံးသားကို ကိုယ် ပြန်ချနင်းရသလို ခံစားရသောကြောင့် သူမ မလိုက်လိုပါ။

မမကြီးကို သမီးက မေမေလို့ ခေါ်သံကြားတိုင်း ဒဏ်ရာရနှလုံးသားမှ ငိုကြွေးမိပြန်သည်။ သမီးကတော့ သူ့အမေကိုယ်တိုင် လာခေါ်တာမို့ ကြည်နူးမဆုံးနိုင်ခဲ့။ သားအမိနှစ်ယောက် တစ်နေ့ တစ်နေ့ နိုင်ငံကူးလက်မှတ်ရဖို့ လိုက်လုပ်ရတာ နဲ့ အဝတ်အစား ဝယ်ခြမ်းရတာ နဲ့ သူမနဲ့ပင်

မတွေ့နိုင်လောက်အောင် အလုပ်ရှုပ်နေကြသည်။ ထိုအခိုက်အတန့်မှာတော့ မမကြီးရော သမီးပါ သူမကို မေ့လျော့ထားခဲ့ကြသည်။

သူမကလည်း အပြင်မထွက်ဖြစ်ဘဲ သိသိသာသာပင် အခန်းအောင်းနေမိသည်။ ဖြစ်နိုင်လျှင် သံယောဇဉ်တို့ကို ဖြတ်ချင်မိသည်။ ဆေးလိပ်အသောက် များလာ၍ လား မသိ၊ လူက နေမကောင်းချင်။ ရင်ထဲက တလှပ်လှပ်နှင့် မူးနေတတ်သည်။ သူမကို အရိပ်တကြည့်ကြည့် နေတတ်သော အမေညိုကတော့...

"ငါ့သမီးလည်း ဒီစိတ်နဲ့တော့ ဒုက္ခပါပဲကွယ်။ မမကြီးကို အမေညို ပြောကြည့်မယ်လေ၊ သမီးကိစ္စ ဖွင့်ပြောဖို့..."

"တော်... တော်... အမေညို။ ဒီကိစ္စမှာ အမေညို ဝင်မပါပါနဲ့။ အို... ဆောရီး အမေညိုရယ်၊ ငယ်ငယ် အမေညိုကို အော်သလို ဖြစ်သွားတယ်။ ဒီကိစ္စကို မေ့ထားချင်လို့ ကျေးဇူးပြုပြီး မပြောပါနဲ့နော်"

တစ်ရက်မှာတော့ သူမ စာကြည့်ခန်းထဲမှာ မူးလဲ၍ ဆေးရုံတက်လိုက်ရသည်။ Heart Attack တဲ့။ ဆရာဝန်က စိတ်ဆင်းရဲမခံရန် ပြောသည်။ သူမကတော့ ခွန်းတုံ့မပြန်ဘဲ မချိပြုံးသာ ပြုံးနေမိသည်။ ကိုယ့်ဝေဒနာကို ကိုယ်သာ အသိဆုံးမဟုတ်လား။ သူမ ဆေးရုံတက်ရကာမှပင် အလုပ်များနေသော သမီးတို့သားအမိသည် သူမကို သတိရတော့သည်။ မမကြီးကတော့...

"နင် ပိန်သွားလိုက်တာ ငယ်ငယ်ရယ်။ နင် စိတ်ချပါ။ ငါ သူ့ကို သမီးအရင်လို ချစ်တယ် ဆိုတာ နင်လည်း အသိပါ။ ကိုချိုကလည်း မြန်မြန်ပြန်လာခိုင်းနေပြီ။ ငါလည်း ဟိုမှာ အလုပ်တွေ ထားခဲ့ရတာ ဆိုတော့ ပြန်ချင်နေပြီ။ သမီးလိုက်ဖို့ကိစ္စလည်း ပြီးနေပြီဆိုတော့ နင် နေကောင်းရင် ငါတို့ သွားတော့မယ်"

ဟု သမီးမရှိချိန်တွင် ပြောသည်။

"မေငယ်လေး နေမကောင်းသေးရင် သမီး ပြုစုရမှာပေါ့။ နေကောင်းမှ သွားမယ်လေ"

ဟု သမီးက ချွဲနွဲ့စွာ ပြောသည်။ သူမ ဆေးရုံကဆင်းပြီး တစ်ပတ်ခန့်အကြာမှာတော့ သမီးတို့သွားဖို့ ပြင်ဆင်ကြသည်။ သမီးကတော့ ကလေးပီပီ အတွေ့အကြုံသစ်အတွက် ရင်ခုန်တက်ကြွနေသည်။ တကယ်တမ်း သွားရခါနီး အချိန် ရောက်လာတော့ သမီးသည် သူမအနားမှ မခွာတော့။

အမြဲတမ်း တစ်ကုတင်တည်း အတူအိပ်သော၊ တစ်ရေးနိုးတိုင်း ယောင်ပြီး သူမကို ထထစမ်းတတ်သော သမီးသည် ဟိုရောက်လျှင် မည်သို့နေမည်နည်း။ သူမကတော့ ဘယ်လိုမှ မခံစားနိုင်အောင် ဖြစ်နေမိသည်။ သွားရမယ့်နေ့မှာ သမီးက သူမကို ကန်တော့ချိန်မှာတော့ သူမ တည်ငြိမ်စွာဖြင့် သူ့ဘဝလေးအတွက် ဆုတောင်းပေးခဲ့သည်။ သူမမျက်နှာတွင် မျက်ရည်များ မရှိတော့။ ငိုကြွေးရလွန်းလို့ ခန်းခြောက်သွားခဲ့ပြီ။ အမေညိုကတော့ သူမကိုကြည့်ကာ ငိုကြွေးနေခဲ့ပြီ။ မမကြီးကတောင် သူမကိုကြည့်ကာ...

"နင် နေကောင်းရဲ့လား ငယ်ငယ်၊ ငါ ဆရာဝန် ခေါ်လိုက်မယ်လေ" တဲ့။

မမကြီးကို အသာခေါင်းရမ်းပြီး ပြုံးပြနိုင်အောင် ကြိုးစားရသည်။ ကားပေါ်တက်ခါနီး သမီးက သူမကို ဖက်ပြီးငိုတော့ သူမ ခန္ဓာကိုယ် အေးစက်နေတာကို သတိပြုမိသွားသည်။

"မေငယ်လေးကိုယ်က အေးလိုက်တာ မေမေ"

သမီးရဲ့ မေမေခေါ်သံကို ကိုယ့်အတွက် မဟုတ်ပေမယ့် ဟုတ်သယောင် ကြည်နူးမိပြန်သည်။ အမေညို ကမ်းပေးသော အနွေးထည်ကို အသာလွှမ်းခြုံရင်း သမီးနဖူးကို ငုံ့နမ်းမိသည်။

သွားတော့ သမီးရေ။ အမှန်တရားဖြစ်ပေမယ့် ဘဝမှာ ပြောပြခွင့် မရှိတဲ့ကိစ္စမျိုးတွေ အများကြီး ရှိတယ်ဆိုတာကို နောင်တစ်ချိန်ချိန်မှာ သမီး သိလာပါဦးမယ်။ အခုလို ဖွင့်ပြောခွင့် မရှိတဲ့အမှားမျိုး ငါ့သမီးဘဝမှာ ဘယ်တော့မှာ မကြုံပါရစေနဲ့။ သူမလို မလှုပ်သာ မလွန့်သာ လမ်းကျဉ်းထဲကို ဘယ်တော့မှ ခြေချော်ပြီးတော့တောင် မရောက်ပါစေနဲ့။ သမီးရဲ့ဘဝဟာ အေးချမ်းနေစေရမယ်။

ချစ်တဲ့ဖေဖေ၊ မေမေတို့နဲ့အတူ ဘဝလမ်းကို ကျေနပ်စွာ ဆက်လျှောက်ပေတော့ သမီးရေ။ သမီး စိတ်ချမ်းသာရင် မေမေ ကျေနပ်ပြီ။ ရင်ထဲမှ တီးတိုးရေရွတ်မိသည်။ သမီးတို့ ကားမထွက်ခင် သူမ အရင်ကျောခိုင်းထွက်လာခဲ့သည်။ သမီးရဲ့ခေါ်သံကို လျစ်လျူရှုရင်း လှည့်မကြည့်ဖြစ်တော့။ ဖွင့်ပြောခွင့်မရှိတဲ့ တို့ဘဝရဲ့ ဝဋ်ကြွေးတွေ ကျေပါစေတော့လေ။

ယိုင်လဲလုလု ခန္ဓာကိုယ်ကို ထိန်းရင်း စာကြည့်ခန်းထဲ သူမ ဝင်လိုက်သည်။ ထို့နောက် အမေညိုအား...

“ဘာအကြောင်းနဲ့မှ ကျွန်မကို လာမခေါ်ပါနဲ့ အမေညို။ တစ်ယောက်တည်း နေချင်လို့ပါ”

“အေးပါကွယ်၊ ဆေးလိပ်တွေ အရမ်းမသောက်ပါနဲ့ ကလေးရယ်။ ကလေးကို ကြည့်ရတာ အားမရဘူး”

သူမကို သားသမီးလို ချစ်သော အမေညိုရဲ့ ပူပင်မှုကို စာနာစွာ ခေါင်းညိတ်ပြရင်း အခန်းထဲ ဝင်လိုက်သည်။ ထို့နောက်မှာတော့ သူမအတွေးတို့ ယစ်မူးစွာ..

သူမစိတ်ကူးတို့ ဘယ်လောက်ကြာသွားသည် မသိ။ ဖုန်းမြည်သံကြားမှပင် အတွေးတို့ ပြတ်တောက်သွားမိသည်။ အမှတ်တမဲ့ နာရီကြည့်မိတော့ သမီးတို့ လေယာဉ်ထွက်ရန် နာရီဝက်လိုသေးသည်။

“သမီး ဆက်တာများလား”

သံယောဇဉ်ဝေနေသော အတွေးကို ချက်ချင်းရပ်လိုက်သည်။ ခဏနေမှပဲ အမေညိုရဲ့…

“သမီးဆီက ဖုန်း ငယ်ငယ်”

“မပြောချင်ဘူး အမေညိုရယ်၊ ကြည့်ပြောလိုက်ပါ”

အခန်းဝမှ အမေညို ခြေသံပျောက်ကွယ်သွားချိန်မှာ သူမစိတ်တို့ လျှော့ချလိုက်မိသည်။ ဆယ်မိနစ်လောက်အကြာမှာ နောက်ထပ် တံခါးခေါက်သံတစ်ချက် ကြားတော့…

“ကျွန်မ ဘာမှမကြားချင်ဘူး အမေညို၊ ကျေးဇူးပြုပြီး အမေညို ကျွန်မနဲ့ ဝေးဝေး နေပေးပါ”

အခန်းထဲမှာ ပြန်လည်တိတ်ဆိတ်သွားသည်။ သူမအတွေးတို့က မဆုံးနိုင်စွာ။ ထိုအချိန်မှာပဲ နားထဲမှာ ကားဝင်လာသံသဲ့သဲ့ကို ကြားမိသည်။ သူမ အကြားအာရုံမှားယွင်းမှု ဖြစ်နိုင်သည်။ ဒီအချိန်လောက်မှ လေယာဉ်ထွက်မှာမို့ အိမ်ကကား ပြန်လာတာတော့ မဖြစ်နိုင်သေးပေ။

သမီး၏ အသံသဲ့သဲ့ကို ကြားမိပြန်သည်။ စွဲလမ်းခြင်းအာရုံမှာ ဖြတ်ရခက်မှန်း ခုမှပင် သိတော့သည်။ ဟော… သမီးတီးနေကျ သီချင်းသံသဲ့သဲ့ ဘယ်လောက်များ ဆိုးရွားလိုက်တဲ့ စွဲလမ်းမှုလဲနော်။ သူမရင်ထဲမှာ စူးခနဲနေအောင် အောင့်သွားမိသည်။ ထိုအချိန်မှာပဲ သူမတံခါးကို တဝုန်းဝုန်း ထုသံနဲ့အတူ ကြားလိုက်ရသော သမီးရဲ့အသံ။

မမှားနိုင်။ ဘယ်လိုမှ မမှားနိုင်။ အသည်းထဲမှာ စွဲမြဲစွာ မှတ်မိနေသောအသံ။ စကားသံတို့က သမီးရဲ့ငိုရှိုက်သံနဲ့အတူ ဗလုံးဗထွေး။

“ဒီကိစ္စတွေကို သမီးသိခဲ့ရင် မေမေ့ကိုထားခဲ့ပြီး နိုင်ငံခြားကို

ထွက်သွားပါ့မလား။ ခုတော့ မေမေ ခံစားနေရတာ တွေကို သမီး သနားလိုက်တာ။ ဖွားညိုပြောပြလို့ သမီး အားလုံးသိပြီးပြီ။ မေမေ... အဲ... ကြီးကြီးကလည်း သမီးအတင်းမေးလို့ ဟုတ်ပါတယ်လို့ ဝန်ခံသွားခဲ့ပြီ။ ခုလည်း ကြီးကြီးတစ်ယောက်တည်း နိုင်ငံခြားကို ပြန်သွားပြီ မေမေ။ သမီးက မေမေနဲ့တစ်သက်လုံး ဒီမှာပဲ နေမှာ။ သမီးလည်း တကယ်တော့ မေမေ့ကို မခွဲနိုင်ပါဘူး။ သမီးပြောတာတွေကို ကြားရဲ့လားဟင်၊ မေမေ တံခါးဖွင့်ပေးပါဦး"

အို... ဝမ်းသာလိုက်တာ။ သူမရဲ့သမီးက သူမကို အမေအဖြစ် အသိအမှတ်ပြုလိုက်ပြီ။ တစ်သက်လုံးက ကြားချင်နေတဲ့၊ တမ်းတနေရတဲ့ သမီးကို မေမေလို့ ခေါ်သံကို ကြားခွင့်ရခဲ့ပြီ။ ဒီတစ်သက်မှာ ဘယ်တော့မှ ဖွင့်ပြောခွင့် မရှိဘူးဆိုလို့ မျိုသိပ်ခဲ့ရတဲ့ လျှို့ဝှက်ချက်ဟာလည်း သူမရဲ့ ပယောဂကြောင့် မဟုတ်ဘဲ ပြေလည်သိရှိခွင့်ရသွားခဲ့ပြီ။

ရေးဘဝကပါလာတဲ့ ဝဋ်ကြွေးတွေလည်း ပြေချိန်တန်ပြီ ထင်ပါတယ်။ တမလွန်မှ မေမေလည်း သူမကို ကျေနပ်နိုင်မှာပါနော်။ သူမရဲ့နှုတ်က ဒီလျှို့ဝှက်ချက်ကို ထုတ်ဖော်ခဲ့တာမှ မဟုတ်တာ။ ဝမ်းသာအားရ ထိုင်ရာမှ ထလိုက်ချိန်မှာ ရင်ထဲမှာ တလှပ်လှပ် ခံစားရသည်။

သမီးရဲ့ မေမေလို့ခေါ်သံကို ချိုမြိန်စွာ ကြားပြီးချိန်မှာ ယစ်မူးရီဝေစွာနဲ့ ပြန်ခေါ်လိုက်တဲ့ သူမရဲ့အသံ။ နှစ်ပေါင်း ၂၀ နီးပါး မျိုသိပ်ခဲ့ရတဲ့ ရင်ထဲက ထွက်လာအသံ။ တစ်ဘဝစာလုံးအတွက် အချိုမြိန်ဆုံးအသံ။

"သမီး"

ဟု သူမရဲ့ရင်ထဲကလာတဲ့ ခေါ်သံရဲ့အဆုံးမှာ ဝုန်းခနဲ ပြိုကျလဲပြိုမှုနှင့်အတူ သမီးရဲ့မေမေလို့ စိုးရိမ်တကြီး ရေရွတ်သံကို အကြားမှာ သူမ အပြုံးတို့က ပီပြင်နှင့်သီးလျက်။ အသိစိတ်အားလုံးကတော့ ခန္ဓာကိုယ်နှင့် ဝေးကွာရာဆီသို့ တရွေ့ရွေ့လှမ်းကာ ထွက်ခွာသွားခဲ့ပြီ။

အသိစိတ်တွေ လွတ်ကင်းခါနီး လေးမှာပဲ နှစ်ပေါင်းများစွာ ကျရောက်ပိတ်မိနေသော ရွေးချယ်ခွင့်၊ ဖွင့်ပြောခွင့် မရှိခဲ့သော လမ်းကျဉ်းလေးထဲမှ တစ်သက်တာ လွတ်မြောက်ခွင့် ရခဲ့ပြီဖြစ်သော သူမသည် အခုအချိန်မှာတော့ အဆုံးအစမရှိသော လမ်းကျယ်ထဲတွင် သူများနည်းတူ စီးမျောနိုင်ပြီဆိုတာကို နောက်ဆုံးအာရုံအနေဖြင့် သိရှိခံစားရင်း စိတ်နှင့်ခန္ဓာတို့က တဖြည်းဖြည်း ဂေးရာဆီသို့ ဦးတည်လျှောက်လှမ်းလျက်....

**မေရှူး**

***

## မတူညီသော ရင်ပူခြင်း

အို နေတောင် အတော်စောင်းသွားပါပေါ့လား။ လိမ္မော်ရောင်ဖန့်ဖန့် နေလုံးကြီးဟာ တလက်လက်ထနေတဲ့ ပင်လယ်ရေမျက်နှာပြင် ပြာလဲ့လဲ့နဲ့ ထိစပ်နေရာကနေ တဖြည်းဖြည်းနဲ့ ရေထဲကို ငုပ်လျှိုးသွားခဲ့ပြီ။ ဒီမြင်ကွင်းတွေဟာ နေ့စဉ်မြင်တွေ့နေကျ ကျုပ်တို့လို ပင်လယ်သားတွေ အတွက် မထူးဆန်းလှပေမယ့် ဒီကမ်းခြေကို လာရောက်လည်ပတ်ကြသူတွေကတော့ ဒီရှုခင်းကို နှစ်သက်ငေးမောကျလေရဲ့။ မနက် နေထွက်တာ၊ ညနေ နေဝင်တာ၊ ပင်လယ်ရေကို ချိုးတာ၊ ပင်လယ်လေးကို အားပါးတရ ရှူရှိုက်ရတာ ကျုပ်တို့အတွက် မထူးဆန်းပေမယ့် မွန်းကျပ်တဲ့ မြို့ပြမှာ နေထိုင်လုပ်ကိုင်နေရတဲ့ လူတွေအတွက်တော့ ဒါဟာ အပန်းဖြေခြင်းဆိုတဲ့ အရသာတစ်ပါးပဲရယ်လို့ မြို့က ပြန်လာတဲ့ ကျောင်းဆရာက ကျုပ်တို့ကို ပြောပြတယ်။

ဒုက္ခပါပဲနော်။ ဒီလိုနဲ့ တဖြည်းဖြည်း မိုးချုပ်လာတယ်။ ကျုပ်တို့ ကဏန်းဟင်းချက်ပေးပါလို့ ပြောတဲ့ စုံတွဲလေးနှစ်ယောက်ရဲ့ အရိပ်အယောင်တောင် မမြင်ရပါလား။ သူတို့လာနိုးနဲ့ လှည့်လှည့်ကြည့်ရလွန်းလို့ ကျုပ်ခေါင်းတောင် ညောင်းလှပြီ။ ဟိုးအတွင်းဘက် အခန်းတွေဆီက ထွက်လာတဲ့ သူတွေကို တွေ့တိုင်း သူတို့နှစ်ယောက်များလားရယ်လို့ မျှော်ကြည့်ရတာ ကျုပ် လည်ပင်းတောင် ညောင်ရေအိုး ဖြစ်လောက်ပြီ။

ခါတိုင်း ဒီအချိန်ဆို သူတို့လင်မယားနှစ်ယောက် ရေမိုးချိုး ဖီးလိမ်းပြင်ဆင်ပြီးလို့ လမ်းလျှောက်ထွက်တတ်ပြီ။ ပြန်သွားတာတော့ မဖြစ်နိုင်သေးပါဘူး။ နေ့လယ် ၂ နာရီကမှ ဘေးအိမ်က ကဏန်းတွေရလာလို့ လာပြတာ၊ အကောင်ကြီးတွေ ကောင်းလွန်းလို့ သူတို့ကို စားမလား လာမေးတော့…

“ယူမယ်၊ ချဉ်စပ်ချက်ပေးပါ”

ဆိုတာနဲ့ ခုညနေစာ ချက်ပြီး လာပို့ပေးရတာ ။ ဈေးမဆစ်ဘဲနဲ့ ငါးထောင်ဖိုး ချက်ခိုင်းတာမို့ ကဏန်းဖိုး သုံးထောင့်ငါးရာပေးပြီးရင် ကျုပ်အတွက် တစ်ထောင့်ငါးရာတောင် ကျန်မှာလေ။ ဒါတောင် ကျုပ်လည်း စေတနာပိုပိုနဲ့ ဆီများများချဉ်စပ်လေး စပါယ်ရှယ် ချက်ပေးထားတာ အနံ့လေးကို မွှေးလို့။

ဘာလို့များ နောက်ကျနေရတာ ပါလိမ့်နော်။ ခါတိုင်းလည်း သူတို့အတွက် ညနေစာကို ကျုပ်ချက်ပြီး ပို့ပေးနေတာ ဒီနေ့နဲ့ဆိုရင် ၃ ရက်ရှိပြီ။ တစ်ခါမှ အမှားအယွင်း မရှိခဲ့ဘူး။ ခက်တာက ကျုပ်တို့လို ကမ်းခြေဈေးသည်တွေက ဟိုတယ်ဝင်းထဲ ဝင်ပြီး ဈေးရောင်းခွင့် မရှိဘူးလေ။ ဒါကြောင့် ရေကူးဖို့၊ လမ်းလျှောက်ဖို့ ထွက်လာတဲ့သူတွေကိုပဲ စောင့်ပြီး ဈေးရောင်းရ၊ ထမင်းချက်ပေးမယ် လိုက်ပြောရတာ ။

တကယ်လို့ ကိုယ့်ဆီက စားမယ်ဆိုရင် အခန်းနံပါတ် မေးထား၊ သူတို့ရဲ့ မျက်နှာလေး တွေကို အလွတ်ရအောင် ကြည့်ထား၊ ပြီးရင် ကမန်းကတန်း အိမ်ပြန်ချက်ပြုတ်၊ ကျက်ပြီဆိုရင် ဆွဲခြင်းထဲမှာ ထမင်းပန်းကန်ပြား၊ ဇွန်း၊ ခက်ရင်း၊ လက်သုတ်ပဝါ၊ တစ်သျှူး၊ ဟင်းခွက်တွေ ထည့်ပြီး သယ်လာ၊ ပြီးတော့ သူတို့ရဲ့ အရိပ်အယောင်လေးတွေ မြင်ရင် ကမန်းကတန်း လိုက်ပေး။ သူတို့ စားသောက်နေတုန်း သောင်ပြင်မှာ ထိုင်စောင့်၊ ပြီးချိန်လောက်မှ သွား၊ ပြန်သိမ်းရင် ပိုက်ဆံယူရတာ လေ။

တချို့ကျတော့လည်း ဟင်းပဲ ချက်ခိုင်းတတ်တာ၊ ဒါဆိုရင် ဖော့ဘူးလေးထဲ ဟင်းထည့်ယူ သွားပြီး ဟင်းဘူးပေးရုံပဲ။ တချို့ကျတော့လည်း စားမကောင်းဘူးဆိုပြီး စားပြီးမှ ဈေးလျှော့ပေး တာတို့၊ မယူတော့ဘူးတို့ လုပ်ရင် ကျုပ်တို့မှာ စိတ်မောရတယ်။ ဒီလင်မယားလေးကျတော့ ချေးမများဘူး။ ကျုပ်ချက်လာတဲ့ ဟင်းကို ကောင်းလိုက်တာဆိုပြီး စားတာပဲ။ ဒါကြောင့်မို့ ကျုပ်မှာ သူတို့အတွက် စေတနာပိုပြီး ကောင်းအောင် ချက်ပေးဖြစ်တယ်။

အင်း… ဟင်းတွေ အေးကုန်တော့မှာပဲ။ ဘာလို့များ မလာကြသေးပါလိမ့်။ နေလုံးကွယ်လို့ အမှောင်တောင် ပျိုးလာပြီ။ ကျုပ်ရင်ထဲမှာတော့ ပူလောင်စ ပြုလာပြီ။ ဘေးအိမ်ကို ပြန်ပေးရမယ့် ကဏန်းဖိုး သုံးထောင်ငါးရာရယ်။ ကျုပ်ပြန်လာမှ ဆန်ဝင်ဝယ်ရမှာမို့ ထမင်းချက်ဖို့ စောင့်နေမယ် ဆိုတဲ့ သမီးရဲ့ မှာသံရယ်၊ ပန်းနာရင်ကျပ် ရောဂါပြန်ထလာလို့ ပင်လယ်ထဲ မဆင်းနိုင်တာ တစ်ပတ်ရှိပြီဖြစ်တဲ့ ကျုပ်ယောက်ျားရဲ့ မျက်နှာရယ်က ကျုပ်အတွေးထဲမှာ ယောက်ယက်ခတ်လို့ နေလေရဲ့။ ဒီအချိန်ကျမှ ကျုပ် ဟင်းကို လိုက်ရောင်းတော့ရော ဘယ်သူက ဝယ်တော့မှာလဲ။

အို… ဘာပဲဖြစ်ဖြစ်လေ၊ မောင်းထုတ်ခံရခါမှ နေရော။ ကျုပ် ဟိုတယ်ဝင်းထဲ ခိုးဝင်တော့မယ်။ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်တော့ ကျုပ် ရပ်နေတဲ့နားမှာ ဘယ်သူမှ ရှိမနေဘူး။ ဒါနဲ့ ကျုပ်လည်း အရဲစွန့်ပြီး သူတို့အခန်းလို့ သိထားတဲ့ နေရာဘက်ကို လျှောက်ခဲ့တယ်။ လှမ်းလို့ ၁၀ လှမ်းတောင် မပြည့်သေးဘူး။

“အမေကြီး ဒါ ဘယ်သွားမလို့လဲ”

ကျုပ်ရဲ့ နောက်ကျောဆီက ပေါ်လာတဲ့ အသံကြောင့် လန့်ပြီး ခြင်းတောင်းတောင် လွတ်ကျတော့မလို့။ လှည့်ကြည့်လိုက်တော့ ဟိုတယ်ဝန်ထမ်းတစ်ယောက်။ ကြောက်ရွံ့မိပေမယ့် မထူးတော့တာမို့

“အမေကြီးကို ဟင်းမှာထားတဲ့ လင်မယားနှစ်ယောက်ကို လာရှာတာပါကွယ်”

“ဒီဝင်းထဲကို ဈေးသည် မဝင်ရဘူးလေ၊ မန်နေဂျာ သိရင် အဖမ်းခံရလိမ့်မယ်”

“မလုပ်ပါနဲ့ သားရယ်၊ အမေ့မှာ ကဏန်းဖိုး သုံးထောင့်ငါးရာဆုံးမှာ စိုးလို့သာ အရဲစွန့် ဝင်လာတာပါ။ အခန်းနံပါတ် ၁၅ က လင်မယားနှစ်ယောက်ကို

သိလားဟင်”

“ကောင်မလေးက ဆံပင်အရှည်ကြီးနဲ့ ခပ်ငယ်ငယ်နှစ်ယောက် မဟုတ်လား။ သူတို့ ညနေကပဲ ပြန်သွားကြပြီ”

“အို… ဘယ်လိုဖြစ်တာလဲကွယ်၊ သူတို့က ဒီမှာ တစ်ပတ်လောက် နေမယ်ဆိုတာ အမေလည်း စိတ်ချပြီး…”

ကျုပ် စကားမဆက်နိုင်တော့ပါဘူး။ ရင်ထဲမှာလည်း ပူလောင်လာပါတယ်။

“ဟုတ်တယ်၊ သူတို့က တစ်ပတ်လောက် အေးအေးဆေးဆေး နေမယ် ပြောထားတာ၊ ဟန်းနီးမွန်း ထွက်လာကြတာတဲ့။ ဒါပေမယ့် မမျှော်လင့်ဘဲ ပြဿနာ ပေါ်လာတော့”

“ဘာပြဿနာများ ဖြစ်လို့လဲ သားရယ်”

“ဟို… ဒါက သူများ ကိုယ်ရေးကိုယ်တာဆိုတော့… အင်းလေ အမေ့ကိုတော့ ပြောပြပါ့မယ်၊ သူတို့နှစ်ယောက်က အသက်လည်းငယ်၊ ချောလည်း ချော၊ တစ်ယောက်နဲ့တစ်ယောက်လည်း သိပ်ချစ်ကြတဲ့ ပုံစံရှိတော့ အားလုံးက အားကျငေးမောနေကြတာလေ။ ဒီနေ့ ညနေ ၃ နာရီလောက်မှာ သူတို့နောက်ကို မိန်းမကြီးတစ်ယောက် လိုက်လာတယ်။ ညှော့ကြို့ကောင်တာမှာ သူတို့နှစ်ယောက် နာမည်နဲ့ အခန်းစုံစမ်းပြီး လိုက်လာတာဆိုတော့ ကျွန်တော်တို့လည်း ပထမတော့ သူတို့အိမ် တစ်အိမ်အိမ်က လူကြီးလိုက်လာတယ် ထင်တာပေ့ါ။ တကယ်တမ်းမှာတော့…”

“တကယ်တမ်းမှာတော့ ဘာဖြစ်လဲ ပြောပါဦး”

ကျုပ်ရဲ့သောကကိုတောင် မေ့ပြီး သူတို့အတွက် စိတ်ပူသွားမိတယ်။

“တကယ်တမ်းကျတော့ အဲဒီ မိန်းမကြီးက ကောင်လေးရဲ့ မယားကြီးတဲ့

အမေရဲ့၊ ပိုက်ဆံကတော့ တော်တော်ချမ်းသာပုံ ရတယ်။ ဒါပေမယ့် အသက်ကြီးကြီး၊ ရုပ်ဆိုးဆိုးပါ အမေရာ။ ကောင်မလေးကိုလည်း ဆဲရေးတိုင်းထွာလိုက်တာ မိုးမွှန်နေတာပဲ။ ကောင်မလေးမှာ ပါးရိုက်လည်း ခံရ၊ လူကြားထဲမှာ အရှက်ခွဲလည်း ခံရဆိုတော့ ဘာလုပ်ရမှန်း မသိဘဲ ငိုလိုက်တာ အရမ်းပဲ။ သနားဖို့တောင် ကောင်းတယ်။ ကောင်လေးကိုလည်း ပြန်လိုက်ခဲ့၊ ရန်ကုန်ရောက်မှ စာရင်းရှင်းမယ်ဆိုပြီး ကောင်လေးနဲ့ ကောင်မလေးက ကားတစ်စီး၊ မိန်းမကြီးက ကားတစ်စီး ပြန်သွားကြတာပဲ။ သူတို့ပြောတဲ့ စကားအရဆိုရင် ကောင်မလေးက ဘာမှမသိရှာဘူး။ ကောင်လေးကို လူပျိုထင်ပြီး လက်ထပ်ခဲ့တာဆိုပဲ။ ကောင်မလေး သနားပါတယ် အမေရယ်၊ သူ့မှာ အသက်လေးငယ်ငယ်၊ ရုပ်ကလေး သနားကမားနဲ့ အငယ်အနှောင်း ဖြစ်ရရှာတယ်။ ကဲ… ကဲ… အမေလည်း ပြန်တော့။ အမေ့ဟင်းကို သူတို့လည်း မစားနိုင်တော့ဘူး။ ကျွန်တော်လည်း သွားတော့မယ်။ မန်နေဂျာတွေ့ရင် အဆူခံရလိမ့်မယ်။ ပြန်ထွက်တော့နော်”

ကျုပ်ရှေ့က ကောင်လေးထွက်သွားချိန်မှာ ကျုပ်ရင်ထဲမှာ ပူလောင်ပြီး ကျန်ရစ်ခဲ့တော့ တာပါပဲ။ အဲဒါဟာ ကဏန်းဖိုး သုံးထောင့်ငါးရာဆုံးလို့ ရင်ပူခြင်းလား၊ ကောင်မလေးရဲ့ အကြောင်းကို ကြားလိုက်ရလို့ ရင်ပူခြင်းလား၊ ကျုပ်ကိုယ်တိုင်တောင် မခွဲခြားတတ်တော့ပါဘူး။

**မေရှူး**

***

## အိမ့်ချမ်းမြေ့

၂၀၀၉ ခုနှစ်၊ မတ်လထုတ်၊ မြဝတီမဂ္ဂဇင်းပါ လွတ်မြောက်ခြင်းစာမူဖြင့် စာပေလောကသို့ စတင် ဝင်ရောက်ခဲ့သည်။

၂၀၀၉ ခုနှစ်၊ အောက်တိုဘာလတွင် လမင်းရှိုက်သံ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကို လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ မေလတွင် မိထောနှင့် ရှုတတနေ့စွဲများ ဝတ္ထုတိုစာအုပ်ကို လည်းကောင်း ထုတ်ဝေခဲ့သည်။

၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေခဲ့သော သက်တံဆယ်စင်း အွန်လိုင်းရသ စာစုများ ပေါင်းစည်းမှုစာအုပ်တွင် လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ဝေခဲ့သော မိုင်တိုင်နှစ်ဆယ် အွန်လိုင်းရသ ဝတ္ထုတိုများ စုစည်းမှုစာအုပ်နှင့် ကြယ်စင်ဆယ့်တစ် ရသာ စာစုများ စာအုပ်တွင်လည်းကောင်း၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ထုတ်ဝေသော စကားဝါပန်းရဲ့ ဒိုင်ယာရီစာမျက်နှာများ ရသဝတ္ထုတို စုစည်းမှုစာအုပ်တို့တွင် လည်းကောင်း ပါဝင်ရေးသားခဲ့ပြီး ဘဝ၊ ရသ၊ ဝတ္ထုတိုများကို ဆက်လက်ရေးသားနေဆဲ ဖြစ်သည်။

အိမ့်ချမ်းမြေ့၏ စာများကို အွန်လိုင်းတွင် ဖတ်ရှုလိုပါက www.lyricswithoutmelody. blogspot.ca, www.ainchannmyan.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး www.facebook.com/tapyaythu နှင့် tapyaythu2000@gmail.com တို့မှတစ်ဆင့် ဆက်သွယ် မှာကြား ပြောဆိုနိုင်ပါသည်။

***

# ထင်းရှူးနံ့သင်းသော ရောဇတီ

နှင်းရိပ်ရီဝေဝေကြားမှာ ငွေလက ခပ်တိုးတိုး သာနေသည်။ ထင်းရှူးပင်ဖျားတွေက လရိပ်အောက်မှာ ငိုက်မြည်းနေသည်။ မီးဖိုချောင်ကြမ်းပြင်ပေါ်မှာ လရိပ်က အရည်ပျော် ငြိမ်သက်လို့။ သူ သောက်လက်စရေခွက်ကို အိပ်ချင်မူးတူးဖြင့် ပန်းကန်ဆေးကြွေခွက်ထဲ ထည့်လိုက်စဉ် မီးဖိုတံခါးက ဖြည်းဖြည်း ဖွင့်လာသည်။

"မအိပ်သေးဘူးလား၊ မောင်တောင် တစ်ရေးနိုးလာပြီ။ ဆံပင်တွေလည်း နှင်းရည်တွေ စိုလို့ပါလား"

"လသာလွန်းလို့ ထွက်ရိုက်တာ"

"အိပ်သင့်ပြီနော်၊ မနက်ကျ မထနိုင်ဘူး ဖြစ်နေဦးမယ်"

"လူ့ဘဝက တိုတိုလေး၊ လသာညတွေကလည်း ရေတွက်လို့တောင် ရလို့ပါ"

"ဆံပင်တွေ အခြောက်ခံဦး၊ အိပ်ရေးတွေပျက်လို့လည်း မျက်တွင်းတွေ မည်းလာနေပြီ"

"ဟင်… ဟုတ်လို့လား"

"ဟုတ်တယ်၊ အနည်းဆုံး ခုနှစ်နှစ်နာရီတော့ အိပ်သင့်တယ်"

"တစ်နေ့ကို လူတစ်ယောက်က ခြောက်နာရီထက် ပိုအပ်ရင် ဖြစ်ဖြစ်၊ လျှော့အိပ်ရင်ဖြစ်ဖြစ် အသက်တိုတတ်တယ်တဲ့။ မောင်လည်း သတိထားဦး၊ တစ်ချိန်လုံး အိပ်ချည်းပဲ နေနေတာပဲ၊ အသက်တိုနေဦးမယ်နော် ဟွန်း"

ပြောပြောဆိုဆိုနှင့် သူမ အခန်းထဲဝင်သွားပြီး တံခါးကို ပိတ်သွားတော့ သူလည်း သူ့အခန်းထဲ ဝင်သွားတော့သည်။

***

နံနက်ခင်းနေရောင်ခြည်က တောက်လက်နေသည်။ စားပွဲပေါ်မှာ နံနက်စာ ပူပူနွေးနွေးက စားပွဲပေါ်မှာ အဆင်သင့်။ သူ ကော်ဖီကို ငုံ့အပြီး အိမ်ရှေ့တံခါးက ညင်ညင်သာသာ ပွင့်လာသည်။ အားကစားဝတ်စုံနှင့် သူမ၏ ကောက်ကြောင်းကို နေရောင်ခြည်ကြားက တစ်ချက်လှမ်းကြည့်လိုက် သည်။ မီးဖိုချောင်ကောင်တာပေါ်က သူမအတွက် အဆင်သင့် ကော်ဖီခွက်ကို ယူပြီး သကြားဘူးနားကို သူမ ကပ်သွားသည်။ တစ်ဇွန်း၊ နှစ်ဇွန်း၊ သုံးဇွန်း။

"တော်လောက်ပြီ ထင်တယ်၊ ဒီလောက် သကြားတွေ သောက်နေတာ။ နည်းတဲ့သကြားတွေ မဟုတ်ဘူး။ စားတာ၊ ဒီကြားထဲ ဟင်းသီးဟင်းရွက်ကလည်း စားတာ သိပ်နည်းတယ်။ antioxidant များများ စားရတော့မယ်လို့ ပြောနေတယ်"

သူမ ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ငုတ်တုတ်ထိုင်ပြီး ကော်ဖီကို ငုံ့သောက်နေသည်။

"ရော... ဒီမှာ မုန်လာဥနီ စား"

"......"

"ဘယ်တွေရောက်ခဲ့လဲ၊ ပန်းခြံဘက်သွားတာလား၊ ပင်လယ်ဘက်ကို သွားတာလား"

သူမ ခေါင်းခါသည်။ စကားပြန်မလာ။

"ညက ကားဆီဖြည့်ထားပေးတယ်နော်၊ အဆင်ပြေတယ် မဟုတ်လား"

"အင်း"

စကားသံ ပလုံးပထွေး ထွက်လာသည်။

"ထမင်းကြော် စားလေ"

“ဟင့်အင်း”

သူမ မျက်ဝန်းတွေကို အမိအရ လိုက်ဖမ်းတော့ မျက်ရည်က ဝဲနေပြီ။

“ဘာဖြစ်နေရတာ လဲ”

“သကြားစာတာ ဘာဖြစ်လဲ၊ တစ်နေ့ကို ၂ ဇွန်းလောက်ပဲ စားတာကို၊ မုန်လာဥနီနဲ့ မတည့်ပါဘူး၊ လည်ပင်းထဲက သွေးတွေထွက်လာပါတယ် ပြောတာလည်း ဒီမုန်လာဥနီကိုပဲ စားခိုင်းနေတာ။ နောက်ပြီး လူကို ကောင်းကောင်းပြောပါဆိုလည်း မပြောဘူး။ ဒီလို အသံကျယ်ကြီးနဲ့ အော်တာလည်း မကြိုက်ပါဘူးလို့ ပြောထားတယ်။ မောင် ကျွန်မ နေ့သစ်ကို ဖျက်ဆီးလိုက်ပြီ”

“အာ… ဘယ်မှများ မင်းနေ့သစ်ကို ဖျက်ဆီးမိလိုက်ရပြန်ပြီလဲ၊ ဘာမှကို မပြောရသေးပါလားကွာ၊ စိတ်ကလည်း နုလိုက်တာ၊ ဒီလောက်လေးမှ ပြောလို့မရရင် မဟုတ်သေးဘူး ထင်တယ်နော်”

“မောင်ကျတော့ကော ဘာလေ့ကျင့်ခန်းမှ မလုပ်ဘူး၊ လာ… လာခဲ့။ အခု လာလုပ်”

“မလုပ်ပါရစေနဲ့ဦးကွာ၊ ကော်ဖီလေးတော့ သောက်ပါရစေဦး”

“မရဘူး… လာခဲ့…. ဒီလိုလုပ်ကြည့် ဘယ်လောက်ပျော့လည်း ကြည့်မယ်၊ အခုလို ခြေဖျားကို ထိလား… လာလုပ်”

“……”

“ဟင့်… ဒူးခေါင်းတောင် ကျော်အောင် မလုပ်နိုင်ဘူး။ သူကျတော့ ဘာလေ့ကျင့်ခန်းမှ မလုပ်ဘူး။ အကြောတောင် ကောင်းကောင်း မလျှော့တတ်ဘဲနဲ့”

“ဟော့… ဟော့.. မောင် လေ့ကျင့်ခန်းမလုပ်ပေမယ့် ကျန်းမာရေးနဲ့ ညီညွတ်တာတွေ စားတယ်နော်၊ မင်းသာ သကြားတွေ စွတ်စားနေတာ”

သူ သတင်းစာကို ငုံ့ဖတ်ရင်း ကော်ဖီသောက်နေစဉ် သူမ ထမင်းစားပွဲမှ

ပျောက်သွားပါ တော့သည်။ ဒီအချိန်ဆိုရင် အခန်းထဲမှာ အောင်းပြီး မျက်ရည်ဝဲနေလောက်ပြီကို သိတော့ သူ သက်ပြင်းအသာချမိသည်။

***

သူမအိပ်ခန်းတံခါးကို အသာတွန်းဖွင့်လိုက်တော့ မွှေးပြန့်နေသော သူမအခန်းလေးက ဆီးကြိုနေသည်။ သူမကို စာအုပ်တွေနှင့် သတင်းစာတွေကြားမှ ငုတ်တုတ်တွေ့ရသည်။

"ရုပ်ရှင်သွားကြည့်မလား"

"နိုး"

ဂျစ်ကန်ကန်နှင့် သူမကို သူ စိတ်တိုချင်လာသည်။

"လာပါကွာ... သွားမယ်၊ အပြင်မှာ အရမ်းသာယာတယ်"

သူမ ပြတင်းပေါက်အပြင်ကို တစ်ချက်လှမ်းကြည့်ပြီး မျက်နှာလေးက ချက်ချင်း ပြုံးသွားသည်။

"သွားလေ၊ မောင်သာ ပြီးအောင် အရင်လုပ်၊ အချိန်အရမ်းမဆွဲနဲ့နော်၊ ကျွန်မက အခုကို ကောက်ထသွားလို့ ရတယ်"

ရုပ်ရှင်ရုံထဲမှာ လူသံတွေဆူညံနေသည်။ နံရံပေါ်က အရုပ်ကားချပ်တွေကို ကြည့်ရင်း ဘယ်ရုပ်ရှင်ကြည့်ရင် ကောင်းမလဲဟု ဆုံးဖြတ်ရခက်နေကြသည်။

"မောင်ကြိုက်တဲ့ ဒရာမာဖြစ်မယ် ဒီကားက။ ဒါပဲ ကြည့်လိုက်ကြမယ်လေနော်"

"မင်းမကြိုက်ဘူး မဟုတ်လား။ မင်းကြိုက်တဲ့ ဒီ alien ကားတွေပဲ

ကြည့်ပါကွာ။ မောင်က အဲသလို သဘာဝလွန်တဲ့ ယုတ္တိမတန်တဲ့ကားတွေကို မကြိုက်ဘူး”

“ကျွန်မကတော့ ယုတ္တိသိပ်ဆန်လွန်းပြီး တစ်လလောက် ရင်ထဲ စွဲနစ်ခံစားရမယ့် ကားမျိုးတွေကို မကြည့်ချင်ဘူး။ ပြီးရင် အကြာကြီး စိတ်က ကောင်းမှာမဟုတ်ဘူး။ alien ကားတွေကလည်း ယုတ္တိမကျဘူးလို့ ဘယ်လောက်များ ငြင်းချက်ထုတ်နိုင်မှာလဲ။ သူ့အတိုင်းအတာနဲ့သူ ယုတ္တိရှိတတ်ပါတယ်။ တစ်ခါ တစ်ခါမှာ လူ့သဘာဝတွေကို ပိုတောင်မြင်ရတတ်သေးတယ်”

“မင်းကြိုက်တဲ့ ဒီ alien ကားပဲကြည့်တော့”

“ဟင့်အင်း၊ ဒရာမာပဲ ကြည့်တော့”

“မောင် သိပ်စိတ်မပါဘူး”

“ကျွန်မလည်း စိတ်မပါဘူး”

“ကမ်းစပ်သွားထိုင်မလား”

“အင်း… သွားမယ်”

ပင်လယ်ကမ်းစပ်မှာ လှိုင်းရိုက်ခတ်သံတွေကို ကြားနေရသည်။ အတိတ်ထဲမှာ စိတ်တူ ကိုယ်တူ နစ်မျောနေတတ်ကြသော လူနှစ်ယောက် အေးမြသော ပင်လယ်လေကို ရှူရှိုက်နေ ကြသည်။ အတိတ်ထဲမှာ ကျင်လည်တတ်ကြသော၊ အတိတ်ကို လွမ်းဆွတ်တတ်ကြသော သူနှင့် သူမ၏ စကားဝိုင်းများ၊ ငြင်းခုံဆွေးနွေးပွဲများသည် ပစ္စုပ္ပန်များ၊ အနာဂတ်များနှင့် ရောယှက်ကာ အရောင်တလက်လက် တောက်ပနေတတ်သေးသည်။

အကြောင်းအရာတစ်ခုကို နှုတ်အားဖြင့် ချက်ကျလက်ကျ ရှင်းပြရန် အလွန်ကြာတတ်သော၊ လိုရင်းမရောက်နိုင်သော သူမနှင့် ရေလည်အောင် ရှင်းပြပြောဆိုတတ်သော သူ။ မျက်နှာခေါင်းငုံ့နေလျက်က ပတ်ဝန်းကျင်မှာ

အပ်ကျသည်ကိုသိသော သူမနှင့် မျက်လုံးပြူး ကြည့် နေတာတောင် ဆင်တစ်ကောင်ဖြတ်သွားတာ မသိလိုက်တတ်သော သူ။ (စိတ်တိုချိန်များမှလွဲပြီး) အလွန်နှုတ်အေးသော သူမနှင့် နှုတ်သွက်သောသူ။ မျိုးသိပ်ခံစားတတ်လွန်းသော သူမနှင့် ပွင့်လင်းသော သူတို့ ပင်လယ်ကမ်းစပ်မှာ ထိုင်ပြီး ရောက်တတ်ရာရာတွေကို နာရီပေါင်းများစွာ မပျင်းမရိ ပြောဆိုတတ်ကြသေးသည်။ နှစ်ဦးစလုံးကတော့ သာမန်လူများထက်စာလျှင် အေးသည်ဟု ဆိုကြသော်လည်း သူတို့နှစ်ဦး စိတ်ဆိုးချိန်များတွင်တော့ ပြတင်းပေါက်မှ ခုန်ပြန်ထွက်လာတတ်သော စာအုပ်များ၊ သတင်းစာများ၊ ဖိုင်တွဲများ ယုတ်စွအဆုံး လက်ကိုင်ဖုန်းများနှင့် လက်ပ်တော့ပ်များကိုပါ အိမ်နောက်ဘက် မြက်ခင်းပြင်ပေါ်မှာ တွေ့ရတတ်ပေသည်။

“ပြောပါဦး”

“ဟင်… ဘာပြောရမှာလဲ၊ ဒီလောက်ပြောပြီးပြီ”

“ရုံးမှာ အခု ဘာတွေဖြစ်နေလဲ”

“ဖြစ်ဘူး၊ ပြောနိုင်တော့ဘူး၊ မောတယ်။ မောင်ဟာ အရမ်းပြောနိုင်တာပဲနော်၊ အဘိုးကြီးဖြစ်ရင် ဘယ်လိုနေမလဲ မသိဘူး။ ကျွန်မ အဲလောက် စကားတွေ မပြောနိုင်ဘူး”

“ခုနက ပြောတဲ့ ရုံးကိစ္စ ပြန်ပြောပါဦး၊ အဲဒါ အရေးကြီးတယ်”

“ပြောပြီးပြီလေ”

“မရှင်းဘူး။ မင်းပြောတာ၊ လိုရင်းမရောက်ဘူး”

“ဖိုင်း… စာရေးပြီးပဲ ပြောမယ်”

“ကောင်းတယ်၊ မင်းက စာရေးရင် သိပ်တော်… အဲ.. မဆိုးပါဘူး”

“ဟုတ်ကဲ့၊ မဆိုးဘူး အဆင့်”

“ဒီလိုပေါ့ကွာ၊ ကိုယ့်လူဆိုတော့ နိမ်ထားတာ… ဟဲ… ဟဲ”

"ဟင်း… ဟင်း"

သူမ ခပ်တိုးတိုးရယ်လိုက်ပြီး အသက်ကို ခက်ခက်ခဲခဲ ရှိုက်ရှူလိုက်သည်။

"နေကောင်းရဲ့လား၊ ပြန်မလား"

စိုးရိမ်မှုတွေ လျှံထွက်သွားသော မျက်လုံးများနှင့် သူက ကြည့်ရင်း မေးလာသည်။

"မပြန်ဘူး… ရတယ်။ နေချင်သေးတယ်"

သူမအသံတွေက တိုးတိုးဝင်လာသည်။ ပင်လယ်ဘက်မှ လေပြင်းများက တဝုန်းဒိုင်းဒိုင်းနှင့်။

***

တိတ်ဆိတ်သော အခန်းကျဉ်းလေးထဲက ကုတင်တစ်လုံးပေါ်မှာ သူမ လဲလျောင်းနေသည်။ သူမ ဆံပင်တွေက နဖူးစပ်မှာ ငွေရောင်သန်းနေသည်။ အပြင်မှာ မြူတွေဝေ့ဝဲနေသည်။ ညနေခင်း နေရောင်ဖျော့ဖျော့က အခန်းထဲကို ထိုးကျနေသည်။ သူက ကုတင်ဘေးမှာထိုင်ပြီး သူမလက်ကလေးကို ဆုပ်ကိုင်ထားသည်။ သူမ ကုတင်ဘေးမှာ သမီးနှင့် သားနှစ်ယောက်က မတ်တတ်ရပ်ပြီး စိုးရိမ်သည့် မျက်လုံးများနှင့် ကြည့်နေသည်။ သမီးက သူမလိုပဲ အရပ်ရှည်သည်။ ဆံပင်တွေကတော့ သူမလောက် မသန်စွမ်းပေမယ့် ပျော့ပျော့လေးတွေနှင့် ကြည့်ကောင်းသည်။ မျက်ဝန်းတွေကတော့ ရွှဲလုံးကြီးတွေအလား လှပလွန်းသည်။ နှုတ်ခမ်းတွေက နီရဲစိုမွတ်နေသည်။ သူမ အပျိုတုန်းကတော့ ထက်မြက်သော၊ မိန်းမပီသသော ထမင်းဟင်းချက်တော်သော၊ ရုပ်ရှည်အဆင့်အတန်းထက် စိတ်ဓာတ်အဆင့်အတန်း မြင့်မားသော၊ အရပ်ရှည်ရှည်

အသားညိုညို ဆံပင်ရှည်ရှည် သမီး ခုနှစ်ယောက် လိုချင်ခဲ့ဖူးသည်။ တကယ်တမ်း သားနှစ်ယောက်နှင့် သမီးတစ်ယောက် ရလာတော့လည်း သူက ကျေနပ်မိသည်ပါပဲ။ သမီးကလေးက ချစ်စရာကောင်းသလောက် သားတွေကလည်း အချိုးကျနစွာ၊ ယောကျ်ားပီသစွာ ချောသည်။ သားတွေကော သမီးကော သူမနှင့် ပိုပြီးတူသည်ကို သူမ ဂုဏ်ယူနေမိသည်။

“သမီးနဲ့သားတို့ အပြင်ခဏသွားနေနော်၊ မေမေ ဖေဖေ့ကို မှာစရာရှိလို့”

သားသမီးများက အခန်းအပြင်ဘက်ကို လေးတွဲ့စွာ ထွက်ခွာသွားသည်။ သူမကုတင်ပေါ်မှာ ခေါင်းအုံးနှင့် မှီပြီး ထိုင်နိုင်ရန် သူက ကူညီပေးသည်။ သူမ သူ့လက်ကို ဆုပ်ကိုင်ထားသည်။

“မောင်… ကျွန်မ သေရင်လေ ဂမ်းနည်းတဲ့ပွဲထက် ပျော်ပွဲရွှင်ပွဲ လုပ်ပေးနိုင်မလား ဟင်”

“တော်ပါတော့ကွာ”

“မဟုတ်ဘူး၊ ကျွန်မပွဲကို ပျော်ပွဲရွှင်ပွဲ လုပ်ပေးပါနော်၊ နောက်ပြီး Casablanca သီချင်းလည်း ဖွင့်ပေးပါ”

“……”

“နောက်ပြီး နောက်မိန်းမယူမယ်ဆိုရင် နောက်မိန်းမပြောစကားထက် ကလေးတွေ စကားကို အလေးအနက်ထားပါ၊ ကလေးတွေကို ပိုယုံပါနော်”

“မဟုတ်တာတွေ မပြောစမ်းပါနဲ့ကွာ”

“အဟင်း… ယူချင်နေတယ် မဟုတ်လား”

သူမ သူ့ကို အပြောင်အပျက် ပြောတော့ မျက်ရည်စိုသော မျက်ဝန်းတွေနဲ့ မချိပြုံး သူ ပြုံးသည်။

“ပြောပါ၊ ကတိပေးပါ၊ နောက်မိန်းမစကားထက် ကလေးတွေစကားကို

ယုံမယ်လို့”

“ဟာကွာ... ကျွတ်”

“မောင်... ပြောပါ... ပလီးစ်”

“အေးကွာ၊ ယုံပ့ါမယ်ကွာ”

“နောက်ပြီး ကျွန်မပိုင်ဆိုင်တဲ့ ပိုင်ဆိုင်ခြင်း နည်းနည်းလေးကို နောက်မိန်းမလက်ထဲ မပါစေနဲ့နော်၊ အထူးသဖြင့် သမီးကိုပေးပါ”

“......”

“နောက် ဖြစ်နိုင်ရင်လေ... ကျဉ်းမြောင်းတာတော့ မဟုတ်ဘူး၊ မြန်မာတွေနဲ့ပဲ လက်ဆက်စေချင်တယ်နော် မောင်”

“......”

“မောင် ပြောလေ”

“အင်းပါကွာ၊ စိတ်ချပါ”

“ကျွန်မ ဟိုမှာ ခေါင်းမချနိုင်တော့တာ ကျွန်မ သိပါတယ်၊ နေရာဆိုတာ ပညတ်ချက်တွေပါလို့ပဲ ကိုယ့်ကိုကိုယ် ဖြေသိမ့်ရတော့မှာပေ့ါ မောင်၊ ကျွန်မ အရိုးပြာကို တစ်ဝက်ကို ဒီမှာမြှုပ်နှံပြီး တစ်ဝက်ကို ဧရာဝတီမြစ်ပေါ်မှာ ကြဲချပေးပါနော်... မောင်”

“......”

“မောလိုက်တာ မောင်ရယ်၊ ကျွန်မ ခဏအိပ်ဦးမယ်”

***

ထိုနေရာမှာ ရေစီးညင်သာနေသည်။ ကမ်းပါးမှ သဲဖြူဖြူတို့ မြစ်ထဲကို ပြိုပြိုကျသွားသည်။ ဝါးဖောင်တွေနားမှာ ဇင်ယော်ငှက်တွေ ပျံဝဲနေသည်။ တောင်တန်းတွေပေါ်က ထုံးဖြူဖြူစေတီတွေဆီက ဆည်းလည်းသံတွေကို ကြားနေရသည်။

***

ထိုနေရာမှာ ရှဉ့်ကလေးတွေ၊ ရော်ဘင်ငှက်ကလေးတွေ ခုန်ဆွခုန်ဆွ သွားနေသည်။ မြေကွက်လပ်လေးတစ်ခုပေါ်မှာ ပန်းဖြူဖြူကလေးတွေ ဝေနေပြီး ထင်းရှူးပင်ပေါ်မှာ ဆည်းလည်းလေးတွေ လှုပ်ခတ်နေသည်။ ခပ်လှမ်းလှမ်း တောအုပ်ထဲက စမ်းရေကျသံကို ကြားနေရသည်။ ညနေခင်း လေပြည်ထဲမှာ အဝေးက ဘုရားကျောင်းခေါင်းလောင်းသံက သာယာစွာ စီးမျောလာနေပါတော့သည်။

**အိမ့်ချမ်းမြေ့**

***